“ကျွန်ုပ်၏အသက်တာအသစ်”

ဇန္နဝါရီလ ၃ ရက်၊ ရေးသားသူ- ဟီယာစင်သီ၊ နယူး ကာလီဒိုနီးယား

“မေမေ၊ ကျွန်တော်တို့မနက်ဖြန်ပြန်လာဦးမှာလား” ဟု မျှော်လင့်သောမျက်ဝန်းများနှင့်ကျွန်မကို ကလေးျယောက်က မေးပါသည်။

သတ္တမနေ့အသင်းတော်မှပြုလုပ်ကျင်းပသောအစည်းအဝေးတစ်ခုကို ကျွန်မပထမဦးဆုံးအကြိမ်တက်ရောက်စဉ်က ဖြစ်ပါသည်။ သူငယ်ချင်းတစ်ဦးမှဖိတ်ခေါ်သောကြောင့်ယဉ်ကျေးမှုအရတက်ရောက်ခဲ့ခြင်းဖြစ်သည်။ စာတိုက်ပုံးထဲ၌ ကြော်ငြာစာတစ်စောင်ကိုတွေ့သော်လည်းသွားရန်အစီအစဉ်မရှိခဲ့ပါ။ ယခုတွင်သူငယ်ချင်းမှဖိတ်ခေါ်သောကြောင့်သွားရောက်မည်ဖြစ်သော်လည်း ဇနီးမောင်နှံျဦးမှာ “ငါတို့သွားမယ်၊နားထောင်မယ်၊ဒီလောက်ဘဲ” လို့တစ်ဦးနှင့်တစ်ဦးပြောမိကြသည်။

မမျှော်လင့်သောအရာတစ်ခုမှာကျွန်မတို့၏ကလေးျယောက်၏သူငယ်ချင်းများ၊သူငယ်ချင်းအသစ်များနှင့်တွေ့ဆုံရ၍ပျော်ရွှင်ခဲ့ကြသည်။ထိုအစည်းအဝေးပြီးလျှင်မိတ်ဆွေအသစ်များနှင့်ထိုင်ကာစကားလက်ဆုံကျစဉ်ဘုရားသခင်သည်ထိုမိတ်ဆွေ၏အသက်တာကိုမည်သို့ပြောင်းလဲပေးပုံများကို ကျွန်မကြားသိခဲ့ရ၍ ထပ်လာရန်အတွက်ဖိတ်ခေါ် ခဲ့ကြပါသည်။

နေ့ရက်များကုန်ဆုံးလာ၍ တခြားအစည်းအဝေးများကိုလည်း ဆက်လက်တက်ရောက်ခဲ့သည်။ ကလေးများလည်း တရားဟောဆရာဟောကြားချက်များကိုကြိုက်နှစ်သက်ကြသည်။ တစ်ခါတစ်ရံကလေးများသည်နားထောင်ခြင်းမရှိဟုထင်ရသော်လည်း သူတို့သင်ယူမိသောအရာများအကြောင်းအမြဲပြောလေ့ရှိသည်။အထူးသဖြင့်ကမ္ဘာကြီးကို ဘုရားဖန်ဆင်းကြောင်းနှင့် သဘာဝတရားများကို သဘောကျကြိုက်နှစ်သက်ကြပါသည်။

ကျွန်မရင်ထဲတွင်လည်းထိုသို့ခံစားရပါသည်။ ဂုဏ်တော်ချီးမွမ်းသီချင်းများ နားဆင်ရချိန်၌မျက်ရည်ပင်ကျခဲ့ရပါသည်။ တရားဟောဆရာကိုယ်၌ပင် မိမိပြော သောအရာများကိုမယုံကြည်နှင့်၊ဘုရားသခင်၏နှုတ်ကပတ်ကျမ်းစာကိုသာ ဖတ်ရှု လေ့လာသင်ယူ၍ဘုရားသခင်ကိုကိုယ်တိုင်ရှာဖွေပါလို့ ပြောသောစကားများကိုကျွန် မနှစ်သက်ခဲ့သည်။

ထိုဘုရားကျောင်းကိုမကြာခဏသွားလေ့ရှိသည်။ ယခု တက်ရောက်သော နေရာ၌သင်ကြားသောအရာများနှင့်ကွာခြားပါသည်။

တစ်နေ့သောဥပုသ်တော်နေ့ ၌ အသင်းအုပ်ဆရာမှနှစ်ခြင်းခံလိုသောသူများ ရှိပါသလားဟုမေးသောအခါ "အဖေ၊အမေ သား နှစ်ခြင်းခံယူချင်ပါတည်"လို့သားက ပြောလာပါတယ်။ကျွန်မတို့ဇနီးမောင်နှံမှာအံ့အားသင့်ခဲ့ရပါသည်။ ကျွန်မတို့လူကြီး များနှုတ်ကပတ်တော်ကိုနားလည်ရန်ကြိုးစားချိန်၌ သား၏နုနယ်သောနှလုံးသားများ ကဘုရားရှင်အားသိရှိရန်စိတ်လှုပ်ရှားလျက်ခံယူရန် အသင့်ရှိနေသည်။

သားကိုနှစ်ခြင်းခံရန်ဆုံးဖြတ်ချက်သည် ဈေးကလက်ဝယ်စားသလိုလက် လွတ်စပယ်မလုပ်ရကြောင်း၊သေချာစွာဆုံးဖြတ်ရမည်ဖြစ်ကြောင်းပြောပြခဲ့ရသည်။ သို့သော်ဘုရားရှင်၏ပြုပြင်ပေးမှုကြောင့်သား၏နှလုံးသားထဲ၌မည်သို့ရှိမည်ကိုကျွန် မ မသိပါ။

ကျွန်မအပေါ်၌လည်းဘုရားရှင်၏ဝိညာဉ်တော်အလုပ်လုပ်နေကြောင်းကျွန် မသိသော်လည်း ကိုယ်တော်နှင့်မထိုက်တန်သေးဟုခံစားမိသည်။ အသင်းအုပ်ဆရာ ထံမှနောက်တစ်ကြိမ်ရေနှစ်ခြင်းခံယူရန်ခေါ် ဖိတ်သံကြားသောအခါ ရှေ့သို့သွားချင် သော်လည်း ကျွန်မကိုယ်ကို "မသန့်ရှင်းသေးပါ" ဟုခံစားမိ၍နေရာမှမရွေ့နိုင်ခဲ့ပါ။

ထိုည၌ကျွန်မတစ်ဦးတည်းငို၍ဆုတောင်းခဲ့သည်။ "ကိုယ်တော်၊ ကျွန်မဘာ လုပ်သင့်ပါသလဲ၊ ကျွန်မနှစ်ခြင်းခံယူလိုပါသည်" ဟူ၍ဘုရားရှင်နှင့်စကားပြောပြီး နောက်တွင်ငြိမ်သက်ခြင်းကိုခံစားရ၍နှစ်ခြင်းခံရန်အသင့်ရှိနေခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင် ဂါဝန်အဖြူနှင့်ကိုယ်သုတ်ပဝါအဖြူကို အိတ်ထဲတွင်သေချာထည့်၍ထုပ်ပိုးထားပါသည်။ သားကြီး ၂ ယောက်နှင့်ရွက်လှေစီးရန်ညအိပ်ခရီးထွက်မည့်ခင်ပွန်းသည်ကိုနမ်း၍ သားငယ်၂ယောက်၊ တူ၊တူမများနှင့် ဘုရားကျောင်းသို့ထွက်လာခဲ့သည်။ ကျွန်မသည် အစည်းအဝေး၌ထိုင်နေ၍ ပါးပြင်ပေါ်သို့ မျက်ရည်များကျဆင်းလာခဲ့ပါသည်။ ကျွန်မထက်အသက်ကြီးသောစုံတွဲမှကြင်နာစွာကျွန်မအနားသို့တိုးလာ၍ဘာကြောင့်ငိုနေလည်းဟူ၍မေးသောအခါ "ကျွန်မနှစ်ခြင်းခံယူမှာဖြစ်ပေမယ့် ကျွန်မမိသားစုတွေတစ်ယောက်မှမသိကြပါ" ဟုပြောပြလိုက်ပါသည်။ ထိုဇနီးမောင်နှံ၂ဦးသည် ကျွန်မကိုနွေးထွေးစွာဖက်ထား၍ အားပေးခဲ့သောကြောင့်စိတ်သက်သာရာရခဲ့ပါသည်။

အသင်းအုပ်ဆရာခေါ်သောအခါ နှစ်ခြင်းခံရန် ရှေ့သို့ထွက်လာ၍ လမ်းလျှောက်လာစဉ်ဝမ်းသာမျက်ရည်များကျခဲ့ရပါသည်။ နှလုံးသားထဲ၌ခရစ်တော်ယေရှုကိုချစ်သောမေတ္တာနှင့်ပြည့်ဝနေခဲ့ပါသည်။

ကျွန်မနှစ်ခြင်းခံယူစဉ် ကျွန်မကလေးများမှ ပျော်ရွှင်၍ ခုန်ပေါက်နေကြပါတယ်။ နှစ်ခြင်းခံယူပြီးနောက်ရေထဲမှထွက်လာစဉ် ကျွန်မကိုတင်းကြပ်စွာ ဖက်ထားကြပါသည်။

သမုဒ္ဒရာ၏အခြားတဖက်၌ရှိသောကျွန်မ၏ခင်ပွန်းသည်ကို ကျွန်မနှစ်ခြင်းခံယူမည့်အကြောင်းမပြောပြထားခဲ့ပါ။ သို့သော်သူတစ်ခုခုကိုခံစားရ၍ခရီးမှပြန်လာသောအခါ "သားတို့အမေနှစ်ခြင်းခံယူလိုက်ပြီ" လို့ ပြောလိုက်ပါတယ်။

နှစ်ခြင်းခံယူသည့်အချိန်မှစ၍ ကျွန်မ၏ယုံကြည်ခြင်း ကြီးထွားလာခဲ့ပါသည်။ ဘုရားကျောင်းသို့သွား၍ဥပုသ်စာဖြေကျောင်း၌ ကျမ်းစာသင်ယူရသောအခါကျွန်မပျော်ရွှင်ခဲ့ရပါသည်။ ကျွန်မ၏မိသားစုတစ်စုလုံးနှစ်ခြင်းခံယူမည်ဟု မျှော်လင့်ထားခဲ့ပါသည်။

ဘုရားပေးသောခင်ပွန်းသည်အတွက်ကိုယ်တော်အားကျေးဇူးတင်ပါသည်။ ဥပုသ်စောင့်ခြင်းကိုမပိတ်ပင်သောကြောင့်ဖြစ်ပါသည်။ ကျွန်မခင်ပွန်းသည်ကိုမေးခဲ့ပါသည်။"ဘုရားသခင်နှင့်ပတ်သက်၍ဘယ်လိုခံစားရသလဲ" လို့မေးသောအခါ "ခရစ်ယာန်တစ်ယောက်လိုခံစားရတယ်။ သခင်ယေရှုကိုယုံကြည်ပါတယ်။ မင်းရဲ့ယုံကြည်ခြင်းရှိမှုဟာလည်းငါ့ကိုခွန်အားဖြစ်စေတယ်" လို့ သူ ပြန်ဖြေခဲ့ပါသည်။

ယခုတွင်ကျွန်မသည်အခြားသူများကိုချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောစကားလုံးများ၊ ချစ်ခြင်း၏လုပ်ဆောင်ချက်များဖြင့် ဘုရားသခင်ကို သိစေရန် ညွှန်ပြလျက်ရှိပါသည်။

၁၃ပတ်အလှူငွေဟုသိကြသောသုံးလပတ်တိုင်းသာသနာအမှုတော်အတွက်အသုံးပြုကြသောအလှူငွေသည်ဟီယာစင်သီကဲ့သလို့လူအများကိုထာဝရအသက်ရရှိရန်ကူညီပေးသည်။ဝေါလိစ်၌အမှုဆောင်အဆောက်အအုံတည်ဆောက်၍နယူးကာလီဒိုနီးယားသာသနာနယ်တွင်ယုံကြည်သူအသစ်များနှင့်ယုံကြည်သူများအကြားမိတ်ဖွဲ့ရန်၊ အစည်းအဝေးကျင်းပရန် လိုအပ်သော သာသနာ့အဆောက်အဦးတစ်ခုတည်ဆောက်ရန်ဖြစ်ပါသည်။

-၀-

"အဘိုး၏ဘုရားသခင်"

ဇန္နဝါရီလ ၁၀ ရက်၊ ရေးသားသူ- စတန်နီလက်(စ)၊နယူးကာလီဒိုနီးယား

စတန်နီလက်(စ)သည်ရှေးရိုးစွဲယဉ်ကျေးမှုများနှင့်ပြည့်ဝသောခရစ်ယာန်မိသားစုမှကြီးထွားလာသူဖြစ်၍မောင်နှစ်မ ၈ ယောက်တွင်ဒုတိယသားဖြစ်သည်။ သူ၏အစောပိုင်းအမှတ်တရများတွင် မိသားစုပျော်စရာအချိန်များနှင့် ပြည့်ဝခဲ့သော်လည်း၊ သူ၏ဖခင်ကားတိုက်မှုနှင့်သေဆုံးသွားချိန်တွင်ဝမ်းနည်းစရာအချိန်များစတင်

ခဲ့ပါသည်။ ထိုအချိန်တွင် သူ၏မိခင်မှာ အငယ်ဆုံးကလေးကို ကိုယ်ဝန်လွယ်ထား ရဆဲဖြစ်ပါသည်။

မိခင်သည်ကလေးများကိုတစ်ဦးတည်းမပြုစုနိုင်သောကြောင့် အဘိုးနှင့်အဘွားထံသို့ပို့လိုက်ရပါသည်။ ဤအရာသည် ပင်စတန်နီလက်(စ)၏ဝိညာဉ်ရေးသက်ဝင်မှု၏သက်သေခံခြင်းအစဖြစ်ရန် အဘိုးအဘွားအိမ်သို့ရောက်ခဲ့သောအကြောင်းဖြစ်လာသည်။ စတန်နီလက်(စ)နံနက်တိုင်းဖယောင်းတိုင်ထွန်း၍ အိပ်ယာထတိုင်းတွင်အဘိုးသည်ဒူးထောက်၍ဆုတောင်းလေ့ရှိကြောင်းတွေ့ရသည်။ အဘိုးသည်ဘုရားသခင်ထံမိမိအသက်တာကိုဆက်ကပ်အပ်နှံ၍ အမှုတော်ထမ်းဆောင်သောသစ္စာရှိ အသင်းသားတစ်ဦးဖြစ်သည်။

စတန်နီလက်(စ)သည် "ဘုရားရှင်သည်ကောင်းမြတ်တော်မူလျှင်ကျွန်တော့်အဘိုးကဲ့သို့သစ္စာရှိသူတစ်ဦးကို ဘာကြောင့် ဒုက္ခများစွာခံစားစေရသနည်း" ဟုတွေးတောနေမိသည်။ ထိုအတွေးနှင့်ပင်သူကြီးထွားလာခဲ့ပါသည်။

ဆယ်ကျော်သက်အရွယ်သို့ရောက်လာ၍ ဇာတိမြေနှင့်ဝေးရာတွင် ရှင်သန်စဉ် ဆေးလိပ်၊အရက်သောက်စား၍ ခိုးဝှက်ခြင်းများ စတင်ပြုလုပ်လာသည်။ အစပိုင်း၌ သေးငယ်သောမကောင်းမှုများမှ ပြစ်မှုမြောက်သော၊ ဓားပြတိုက်မှုများအထိ ကျူးလွန်၍အန္တရာယ်ဇုံထဲသို့ကျရောက်ခဲ့သည်။အိမ်ဖောက်ထွင်းခိုးယူမှု၊ကားခိုးမှု၊မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို လုပ်ကိုင်လာသည်။ ထိုသို့ အမှောင်လောကတွင် ကျင်လည်စဉ်အားကြီးသူသာ အနိုင်ရမည်ဟူသော အသိတစ်ခုသာ လက်ကိုင်ထားသည်။

စတန်နီလက်(စ)ပြောင်းလဲချိန်တန်သောတစ်ညတွင် ခိုးလာသောကား၏ အနောက်ခန်းထဲတွင်အရက်သေစာများထည့်ကာမောင်းလာစဉ် "မင်းဘာလုပ်နေတာလဲ၊ဒီဘဝကမင်းအဆုံးသတ်ချင်တဲ့ပုံစံလား" ဟုမေးသံကိုနားထဲ၌ကြားခဲ့ရပါသည်။ သူတုန်လှုပ်သွားပြီးဒီအဆိုင်းဆက်ပြီးအသက်ရှင်ရန်မဖြစ်တော့သည်ကိုသိ၍နောက်

တစ်နေ့နံနက်၌ ပြစ်မှုကျူးလွန်မှုများကိုထားခဲ့၍ အသက်တာကိုအသစ်ကစတင်ရန် ဆုံးဖြတ်ခဲ့သည်။

သူ၏အသက်တာကိုပြင်ဆင်ရန်ဇာတိမြေကိုပြန်လာခဲ့သည်။ တစ်နှစ်နှင့်၆ လကြိုးစား၍လူကောင်းဖြစ်ရန်နေထိုင်ရသည်မှာ မလွယ်ကူခဲ့ပါ။ သူအသက်၁၈နှစ် ပြည့်လျှင် စစ်ထဲဝင်၍တာဝန်ထမ်းဆောင်ခဲ့သည်။ တာဝန်ပြီးဆုံး၍တပ်မှထွက်ခွာ လာသောအခါသာမန်အလုပ်ကိုလုပ်ကိုင်၍ ဘဝကိုရှင်သန်ခဲ့သည်။

နောက်ပိုင်းတွင်အမျိုးသမီးတစ်ဦးနှင့်တွေ့ဆုံကာ ကလေး၂ဦးထွန်းကားခဲ့ပါ သည်။ အစပိုင်း၌အိမ်ထောင်ရေးသာယာခဲ့သည်။ သို့သော်အကျင့်ဟောင်းများပြန် ပေါ်လာ၍၂ဦးကြားတွင်ပဋိပက္ခများဖြစ်လာခဲ့သည်။ အဆင်မပြေဖြစ်လာ၍ ၂ဦးသား ခွဲနေကြပါသည်။

နောက်များမကြာခင်တွင်ထိုအမျိုးသမီး၏ဖခင်ကစတန်နီလက်(စ)ကိုခေါ်၍ သူ၏သမီးကိုအခွင့်အရေး နောက်တစ်ကြိမ်ထပ်ပေးရန်တောင်းဆိုခဲ့သည်။ ဘာအ ခွင့်အရေးမှမမျှော်လင့်ဘဲ နောက်တစ်ကြိမ်အခွင့်အရေးပေးခဲ့သည်။

သူမ၏မိဘများသည်သတ္တမနေ့အသင်းသားများဖြစ်ကြသည်။ သို့သော်သူမ သည်အသင်းတော်နှင့် ဝေးကွာနေခဲ့သည်။ ယခု၊ နေ့တိုင်း သူမကျမ်းစာကိုလေ့လာ လျက်ရှိသည်။ တစ်နေ့ ၌ "ကျွန်မဘုရားကျောင်းကိုသွားချင်တယ်" လို့သူမပြောလာ ပါတယ်။ "ငါတို့ ဖြစ်နိုင်ချေရှိတာအားလုံးကြိုးစားကြည့်ခဲ့တယ်။ အခုကခရစ်တော် ကိုကြိုးစားကြည့်ရမည့်အချိန်ပဲ" လို့ စတန်နီလက်(စ) ကပြန်ဖြေလိုက်ပါတယ်။

သူမသတ္တမနေ့တွင်ဘုရားကျောင်းသွားစဉ် စတန်နီလက်(စ)ကတော့တနင်္ဂ နွေနေ့ ၌ဘုရားကျောင်းသွားပါသည်။ တစ်ခါတစ်ရံ စတန်နီလက်(စ)နှင့်သူမလိုက် သွား၍ဘုရားကျောင်းတက်သော်လည်း သူကတော့ သူမနှင့်တစ်ခါမျှလိုက်၍ဘုရား ကျောင်းမသွားခဲ့ပါ။ စတန်နီလက်(စ)သတိထားမိချက်ကတော့ သူမသည်အေးချမ်း ၍ပျော်ရွှင်လာသည်ကိုတွေ့ရသည်။

တစ်နေ့ ၌ “မင်းဘာလို့စနေနေ့တစ်နေ့လုံးပြန်မလာဘဲဘုရားကျောင်းတက်နေတာလည်း၊ ငါတစ်ယောက်ထဲအိမ်မှာ” လို့မေးလိုက်တဲ့အခါသူမကပြုံးပြီး “ကျမနဲ့အတူလိုက်ခဲ့၊ရှင်သိလိမ့်မယ်” လို့ ပြန်ဖြေခဲ့ပါတယ်။

စတန်နီလက်(စ)သည် သူမနှင့်ဘုရားကျောင်းအတူသွားရန် သဘောတူ၍လိုက်သွားသောဥပုသ်နေ့သည် အသက်တာအတွက်ပြောင်းလဲစရာ အချိန်ဖြစ်ခဲ့ပါသည်။ ကြားနာရသောတရားစကားသည်သူ၏နှလုံးသားကိုထိခိုက်စေ၍ထိုတရားစကားအားလုံးကိုနားမလည်သော်လည်းနှလုံးသားအတွင်း၍ မငြိမ်မသက်ဖြစ်လျက်ရှိပါသည်။

အသင်းအုပ်ဆရာသည် ကျမ်းစာသင်ရန် ဖိတ်ခေါ်သောအခါ သူလက်ခံခဲ့သည်။ သူကျမ်းစာအုပ်ကိုဖွင့်လျှင်ဖွင့်ခြင်းတွင်ပင်ကလေးဘဝတွင်သူမေးခွန်းထုတ်ခဲ့သောအရာအတွက်အဖြေကိုတွေ့ရသည်။ လူသည်ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်ညီစွာဖန်ဆင်းခြင်းခံခဲ့ရသော်လည်းဘုရားသခင်အပေါ်သံသယရှိမှုကြောင့်လူသားသည်ဖျက်ဆီးခြင်းခံရသည်။ သူ၏နှလုံးသားထဲတွင်အမှတ်ရနေသောအသံသည် လွန်ခဲ့သောနှစ်အနည်းငယ်က ကားခိုးစဉ်သတိပေးခဲ့သောအသံဖြစ်၍ယခုတွင်နှုတ်ကပတ်တော်အားဖြင့် စတန်နီလက်(စ)ကိုစကားပြောနေသည်ကို သူသိသည်။

တစ်နေ့ “ငါတော့ယုံကြည်ခြင်းအဓိပ္ပာယ်ကိုနားလည်ပြီထင်တယ်။ အခုငါ့မှာယုံကြည်ခြင်းရှိနေပြီ” လို့ဇနီးသည်ကိုကျမ်းစာသင်တန်းအပြီးတွင်သူပြောလိုက်ပါသည်။

မကြာမီတွင်ထိုသူဇနီးမောင်နှံ၂ဦးသည်အတူတကွနှစ်ခြင်းခံယူကြပါသည်။

၂နှစ်အကြာတွင်ဖီဂျီသတ္တမနေ့အသင်းတော်၏တက္ကသိုလ်တွင်စာရင်းသွင်း၍ဘာသာရေးဘွဲ့ရယူခဲ့ပါသည်။ ယနေ့ နယူးကာလီဒိုနီးယားတွင်အသင်းအုပ်ဆရာအဖြစ်အမှုတော်ထမ်းဆောင်နေသောနေရာသည်သူ၏ ကလေးဘဝစတင်ခဲ့ရာနေရာပင်ဖြစ်သည်။

ရိုးရာမပျက်ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်လျက်ရှိသော်လည်း မိရိုးဖလာများ၏မှားယွင်းစွာယုံကြည်မှုများကို ပြတ်သားစွာ မှားယွင်းကြောင်းပြောပြလျှက်ရှိသည်။ သို့သော် ခရစ်တော်၏မေတ္တာကိုသူခံစားခဲ့ရသကဲ့သို့ သူတစ်ပါးအားဝေငှ၍နူးညံ့စွာအမှုဆောင်လျက်ရှိပါသည်။

သင်တို့ထည့်ဝင်သောအလှူငွေများသည် နယူးကာလီဒိုနီးယား သာသနာနယ်၏ ဝေါလီတွင် ဘုရားသခင်၏အမှုတော်လုပ်ငန်းလုပ်ဆောင်ရန်ဒေသခံများနှင့်ဆက်သွယ်၍ထာဝရဗေဝံဂေလိသတင်းစကားများဝေငှရာတွင်လိုအပ်သောအဆောက်အအုံတည်ဆောက်ရန် ဖြစ်ပါသည်။ စတန်နီလက်(စ) ကဲ့သို့ဝိညာဉ်များကိုထာဝရအသက်အတွက်ပို့ဆောင်ရန်ဖြစ်ပါသည်။ ရက်ရောစွာ လှူဒါန်းမှုအတွက် ကျေးဇူးတင်ပါသည်။

-o-

"ပြန်လှည့်ရာအမှတ်"

ဇန္နဝါရီလ ၁၇ ရက်၊ ရေးသားသူ- ဒရာကိုလို၊ နယူးကာလီဒိုနီးယား

ဒရာကိုလိုသည်လီဖူကျွန်း၏အပူပိုင်းဇုံတွင်နေထိုင်ပါသည်။ ဤကျွန်းသည် ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းရှိ ပြင်သစ်နိုင်ငံပိုင်နယူးကာလီဒိုနီးယားနိုင်ငံဖြစ်သည်။ ဒရာကိုလိုသည်သေးငယ်သောမျိုးနွယ်စုနေထိုင်ရာ ရွာလေးတစ်ရွာတွင်ကြီးပြင်း၍ မေတ္တာနှင့်ပြည့်ဝသောခရစ်ယာန်အိမ်ထောင်၏ မောင်နှမ ၁၂ ယောက်တွင်အငယ်ဆုံးသားဖြစ်ပါသည်။

ကလေးဘဝကပင် ဘုရားကျောင်းတက်၍ မိရိုးဖလာ ဘာသာရေး၌လည်း သင်ကြားခဲ့သည်။ ဆယ်ကျော်သက်အရွယ်ရောက် ဒရာကိုလို၏ အသက်တာသည် ပြောင်းလဲခဲ့သည်။ လောကပျော်မွေ့ခြင်းနှင့်အပေါင်းအသင်းများ၏လွှမ်းမိုးမှုသည် သူ့အားဦးတည်ရာ ပြောင်းစေခဲ့သည်။ ဘုရားသခင်၏ မျက်မှောက်တော်တွင်မှား

ယွင်းသောအရာကို ရွေးချယ်ခဲ့သည်။ ဒရာကိုလိုသည် တက္ကသိုလ် ဒုတိယနှစ်တွင် ကျောင်းထွက်၍သူစွဲလန်းသော အရာများနောက် တစထက်တစ်စပို၍လိုက်ပါသွားတော့သည်။

အရက်သေစာ၊မူးယစ်ဆေးဝါးနှင့်စီးကရက်၊ ဆေးခြောက်များကိုစတင်သုံးစွဲလာခဲ့သည်။ စမ်းသပ်သုံးစွဲမှုမှနေ့စဉ်သုံးစွဲသည့်အကျင့်ဖြစ်လာသည်။ ဒရာကိုလို၏နေ့ ညများသည်လောကီတပ်မက်ခြင်းများနောက်လိုက်၍ စိတ်ပျက်ခြင်းများနှင့်သာလမ်းလျှောက်နေခဲ့သည်။ အသက်တာ၏လိုအပ်မှုများကိုဖြည့်လေလေ၊ ပို၍လိုအပ်မှုများလေလေဖြစ်နေသည်။ ဒရာကိုလို၏စိတ်အတွင်းပိုင်းထဲတွင်တစ်ခုခုလိုအပ်မှုစတင်ခံစားလာခဲ့ရသည်။

အသက်ကြီးသူများနှင့်အတူအဖွဲ့ငယ်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင်ပါဝင်ခဲ့သည်။ အဘယ်အရာကို သူကိုယ်တိုင်ရှာဖွေ၍လိုချင်သည်ကိုကိုယ်တိုင်မသိသော်လည်း လောကမှပေးသောအရာထက် ပိုကောင်းသည်ကို ဒရာကိုလို သိလာသည်။ လူတွေကိုယုံကြည်ခဲ့ဘူးသော်လည်းအားလုံးသူ့ကိုချနင်းခဲ့ကြသည်။ ယခုတွင်ဘုရားကိုကိုးစားရန် သူစတင်ကြိုးစားခဲ့သည်။

တနင်္ဂနွေဘုရားကျောင်းတက်ပြီးနောက်အခြားသောသူများကို ကျမ်းစာအကြောင်း ဒရာကိုလိုမေးမြန်းခဲ့သည်။ လူတစ်ဦးနှင့်ကျမ်းစာများကိုတွေးနွေးခဲ့၍ကျမ်းစာအုပ်ကိုကိုယ်တိုင်ဖတ်ရှုမှုစတင်ခဲ့သည်။ အစပိုင်းတွင် အလုံးစုံ နားမလည်ခဲ့သော်လည်းတစ်စုံတစ်ရာမှ ထိုကျမ်းချက်များကိုထပ်၍ဖတ်ရန်တိုက်တွန်းမှုခံစားရသည်။ ခရစ်တော်ယေရှုအကြောင်း ပိုမိုသိချင်လာမိသည်။

နှုတ်ကပတ်တော်ကိုဖတ်ရှုလေ ပို၍ရှာဖွေသိချင်မိလေဖြစ်သည်။ အခြားသူငယ်ချင်းများထံသခင်ယေရှုခရစ်တော်အကြောင်း ပြောသော်လည်းနှစ်သက်မှုမရှိကြောင်းသာပြသကြသည်။ တစ်နေ့တွင်ဆရာမှ ဒရာကိုလိုအား ရိုက်နှက်၍ကျမ်းစာ

ထဲမှမေးခွန်းများမမေးရန်သတိပေးစကားပြောကြားသော်လည်းကျောင်းခန်းထဲတွင် ဒရာကိုလိုသည်ဆက်၍ သခင်ယေရှုအကြောင်းပြောလျက်ရှိသည်။

တစ်နေ့တွင်မမျှော်လင့်သောအရာတစ်ခုဖြစ်ခဲ့သည်။ ဒရာကိုလို၏ ဆွေမျိုးထဲမှ သတ္တမနေ့ အသင်းသားတစ်ဦးသည် တရားပွဲသို့တက်ရောက်ရန်ဖိတ်ခေါ်ခဲ့သည်။ ဒရာကိုလိုသည်ဘုရားကျောင်းသွားရန်လက်ခံ၍သူ၏ဆုံးဖြတ်ချက်သည် သူ၏အသက်တာကိုပြောင်းလဲစေခဲ့သည်။ဒီတရားဟောအစည်းအဝေးမှသတင်းစကားများသည်ရှင်းလင်း၍တန်ခိုးပါသည်။ မေတ္တာနှင့်ပြည့်သောနှုတ်ကပတ်တော်မှတိုက်ရိုက်လာသောသတင်းစကားများကို ဒရာကိုလို ကြားသိရသည်။ သခင်ယေရှုကိုမိမိ၏ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်ခံယူနိုင်ရန် သင်ကြားခဲ့ရ၍ငယ်စဉ်အချိန်ကကဲ့သို့ပုံပြင်ထဲမှကယ်တင်ရှင်အဖြစ်မဟုတ်၊ ရင်းနှီးမှုကိုခံစားရသည်။ သတ္တမနေ့သည်ဘုရားသခင်သန့်ရှင်းစေသောဥပုသ်နေ့ ဖြစ်ကြောင်း သိရှိလာခဲ့ရပါသည်။

ဒရာကိုလို၏စိတ်နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်သောကြောင့်လက်ရှိအသက်တာမှ လောကီအရာများကို စွန့်လွှတ်၍သခင်ခရစ်တော်၏နောက်သို့လိုက်ရန်ခေါ်သံကိုကြားခဲ့ရသည်။ ကြင်နာသောတရားဟောဆရာနှင့် အသင်းသားများ၏ ကူညီမစမှုကြောင့် ဒရာကိုလိုသည်ဘုရားသခင်ထံသူ၏အသက်တာကိုပုံအပ်ရန် ဆုံးဖြတ်ခဲ့သည်။

ဇွန်လ ၁၉ ရက်၊ ၂၀၁၉ ခုနှစ်တွင်နှစ်ခြင်းမင်္ဂလာခံယူခဲ့၍ အသက်တာတွင်လွတ်လပ်မှုကိုခံစားခဲ့ရသည်။ ဝိညာဉ်ရေး၌ ပျော်ရွှင်မှုကိုခံစားရသော်လည်း ခန္ဓာကိုယ်၌သူသုံးစွဲခဲ့သော မူးယစ်ဆေးဝါး၏တိုက်ခိုက်မှု အကျိုးဆက်ကိုခံစားရသည်။ စိတ်နှင့်ခန္ဓာကိုယ်ကုသမှုခံယူရသည်။ ယခုတွင် သခင်ဘုရားနှင့်အတူအသက်ရှင်လိုပါသည်။

မူးယစ်ဆေးစွဲသောအသက်တာမှလွတ်မြောက်စေသည်သာမက ဒရာကိုလိုကိုအပြစ်မှလွတ်မြောက်စေသောဘုရားသခင်သည် သူ့ကိုချည်နှောင်လျက်ရှိသော

သံကြိုးများကိုချိုးဖျက်ပေးခဲ့သည်။ မဖြစ်နိုင်သောအရာများအမှန်တကယ်ဖြစ်လာသည်။ "ကျွန်တော့်အတွက် မဖြစ်နိုင်သော်လည်း ဘုရားသခင်အားဖြင့် ဖြစ်လာပါတယ်" လို့ ဒရာကိုလိုကြားခဲ့သည်။

မူးယစ်ကျေးကျွန်ဖြစ်ခဲ့သောလူငယ်လေးသည်ယနေ့တွင် နှုတ်ကပတ်တော်အတိုင်းနာခံလျက်ရှိသည်။ နေ့စဉ် သမ္မာကျမ်းစာကိုဖတ်ရှု၍ဝမ်းမြောက်ဖွယ်သတင်းစကားကိုဝေမျှပြောဆိုရာ၌ အားရဝမ်းမြောက်လျက်ရှိသည်။ အထူးသဖြင့်သူကဲ့သို့တွေ့ကြုံနေရသော လူငယ်များအား ထိုသတင်းစကားပြောကြားရာတွင် သူဝမ်းမြောက်လျက်ရှိသည်။

ဒရာကိုလို၏အသက်တာတွင်၊ အသစ်သောနှလုံးသားတွင် ရည်ရွယ်ချက်အသစ်နှင့်သူ၏ဆောင်ပုဒ်မှာ "ဘုရားသခင်ကိုကိုးစားပါ" ဖြစ်သည်။

နယူးကာလီဒိုနီးယားသာသနာနယ်အတွင်းရှိဝေါလစ်တွင် ဒရာကိုလိုကဲ့သို့လူငယ်များအားမိတ်ဆွေဖွဲ့ ၍ သူတို့၏အသက်တာကိုထာဝရအသက်ပေးပိုင်ရှင်ဘုရားသခင်ထံပို့ဆောင်နိုင်ရန် အဆောက်အအုံတည်ဆောက်ရန်ဖြစ်ပါသည်။ သစ္စာရှိစွာအလှူငွေထည့်၍ပါဝင်ပေးသောသူအားလုံးကိုအထူးကျေးဇူးတင်ပါသည်။

-၀-

"အရှုံးမရှိ"

ဇန္နဝါရီလ ၂၄ ရက်၊ ရေးသားသူ- ဂျွန်း၊ ဗာနူတူနိုင်ငံ၊

ကျွန်တော့်နာမည်ဂျွန်းပါ။ ဗာနူတူကမ်းရိုးတန်းနိုင်ငံထဲမှ မက်(စ) ကဲလင်းကျွန်းသေးသေးလေးမှာ နေထိုင်ပါတယ်။ ဗာနူတူကျွန်းလေးဟာ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းမှာရှိပါသည်။ ကြည်လင်တောက်ပသောရေပြင်ကျယ်နှင့်စိမ်းလန်းသောမိုးသစ်တောများကြားတွင် ကြီးပြင်းခဲ့သူပါ။

အခြားကလေးများကဲ့သို့ ကျောင်းပျော်သောကလေးတစ်ဦးမဟုတ်ခဲ့ပါ။ လိမ္မာသော ကျောင်းသားမဟုတ်ခဲ့သောကြောင့် ကျောင်းစာတွင်လည်းအမှတ်များမကောင်းခဲ့ပါ။ ကျွန်တော်ကျောင်းစာတွင်စိတ်မဝင်စားမှုန်းအဖေသိသော်လည်း “သား ၆ တန်းလောက်ပြီးရင်တော်ပါပြီ၊ စာရေး၊ စာဖတ်ရရုံဆိုလုံလောက်ပါတယ်”လို့ အဖေကပြောခဲ့ပါတယ်။

၆တန်းစာမေးပွဲဖြေခဲ့ရသော နေ့တစ်နေ့ကို ကျွန်တော်ဘယ်တော့မှမမေ့နိုင်ပါ။ ဆရာမက “ဂျွန်း၊ မင်းဟာဘယ်တော့မှမပြောင်းလဲဘူး” လို့ ဂျွန်းရဲ့အဖြေစာရွက်ကိုကြည့်ရင်းသက်ပြင်းချလိုက်ပါသည်။ “မင်းမှာဘာရည်ရွယ်ချက်မှမရှိ၊ မင်းမိဘတွေရဲ့ပိုက်ဆံကိုဖြုန်းနေတာပဲ” လို့ ပြောလိုက်ပါတယ်။ ပြီးနောက် ဆရာမကဂျွန်းရဲ့စာအုပ်ကိုစာသင်ခန်းရဲ့အပြင် ပြတင်းပေါက်မှလွှင့်ပစ်လိုက်ပါတယ်။ အခြားကျောင်းသားများကလည်းဝိုင်းရယ်ပြီးကြည့်နေကြပါသည်။ ဂျွန်းကတော့သူ့ရဲ့စာအုပ်ကိုသွားကောက်ပါတယ်။

ကျွန်တော်ရင်ကွဲပြီး ကိုယ့်ကိုယ်ကိုအသုံးမကျဘူးလို့ ခံစားခဲ့ရပါသည်။ သို့သော်နှလုံးသားထဲမှအရှုံးမပေးလိုက်ပါနှင့်ဟု တိုက်တွန်းသလိုခံစားရပါသည်။

နှစ်အနည်းငယ်ကြာပြီးနောက်အတန်းဖော်သူငယ်ချင်းများက “ဂျွန်းရေမင်းကတော့စာမေးပွဲကျရင်ဒီကျွန်းပေါ်မှာငါးမျှားဖို့နေခဲ့လိုက်ကွာ၊ ငါတို့တော့ပညာဆက်သင်လိုက်အုံးမယ်” လို့ လှောင်ကြပါတယ်။ ဒီလိုဘဝကိုကျွန်တော်မလိုချင်ပါဘူး။ ကျွန်တော်ပြုံးမိပါတယ်။ ကျွန်တော်တစ်ခုခုကိုလိုချင်မိပါသည်။

တစ်နေ့၊ သတ္တမနေ့အသင်းသားဖြစ်တဲ့ကျွန်တော့်အစ်ကိုတစ်ယောက်သည် ကျမ်းစာအုပ်လက်ဆောင်ပေးခဲ့ပြီး “ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့” ဟူသောကျမ်းပိုဒ်လေးကိုဖတ်မိပြီး ကျွန်တော့်စိတ်ထဲတွင်ပြောင်းလဲမှုတစ်ခုစတင်ခဲ့ပါသည်။

ကျွန်တော် ၁၃ နှစ်အရွယ်တွင် သတ္တမနေ့အသင်းအုပ်ဆရာမှ တရားပွဲတစ်ပွဲကျင်းပခဲ့ပါသည်။ ကျွန်တော်တက်ရောက်နားဆင်သောအခါသတင်းစကားများသည် ကျွန်တော့်ရင်ထဲအထိဝင်ရောက်ခဲ့သည်။ နှစ်ခြင်းမင်္ဂလာခံယူရန်ဆုံးဖြတ်ခဲ့ပါသည်။ နှစ်ခြင်းမခံယူမီ "အဖဘုရားသခင်၊ ဤလူငယ်လေးကိုအမှုတော်အတွက်အသုံးပြုတော်မူပါ" ဟု တရားဟောဆရာမှ ဆုတောင်းပေးခဲ့ပါသည်။

ကျွန်တော့်အဖေကွယ်လွန်ပြီးနောက်ကျွန်တော့်ဘဝသည် ပို၍ခက်ခဲ ခဲ့ပါသည်။ အသင်းတော်မိသားစုမှ ကျွန်တော့်ကိုကူညီခဲ့ပါသည်။ ကျွန်တော်လည်းအသင်းတော်အလုပ်များကို တတ်စွမ်းသလောက်ပါဝင်လုပ်ဆောင်ခြင်းဖြင့် ကူညီခဲ့ပါသည်။ နောက်ပိုင်း ကျွန်တော်လည်းအသင်းထောက်ဖြစ်လာ၍ အသင်းလူကြီးဖြစ်လာခဲ့ပါသည်။

၂၀၀၁ ခုနှစ်၌ ဗာနူတူနိုင်ငံ၏တခြားဒေသ၌ရှိသောသတ္တမနေ့အသင်းတော်သို့ပြောင်းရွှေ့ ၍သီချင်းအဖွဲ့အတွင်း၌ပါဝင်ခဲ့သည်။ ကျွန်တော့်ရဲ့တေးဂီတအားဖြင့်ပြောပြခဲ့သည်။သီချင်းဆိုခြင်းသည်ကျွန်တော့်၏တရားဟောနည်းဖြစ်သည်။ သီချင်းဆိုနေရလျှင်အသက်ရှင်လျက်ရှိသည်ဟု ခံစားမိပါသည်။

ကျွန်တော့်ရဲ့မွေးရပ်ကျွန်းပေါ်သို့ ပြန်ရောက်ချိန်၌ အသင်းတော်၏တရားပွဲတွင်ညစဉ်ညတိုင်းဓမ္မတေးသီချင်းများကိုသီဆိုခဲ့ပါသည်။နေ့လည်ခင်းတစ်ခုတွင်ဤကျွန်းပေါ်သို့ပထမဆုံးသတ္တမနေ့အသင်းတော်မှသာသနာပြုဆရာကြီးဖြစ်သောနော်မန်ဝေးလ်(စ)၏ သုသာန်သို့လိုက်ခဲ့ရန် တရားဟောဆရာမှ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့ပါသည်။

ထိုအုတ်ဂူအနားတွင် "အဖဘုရားသခင်၊ ကျွန်တော်သာသနာပြုတစ်ဦးဖြစ်လိုပါသည်" ဟုဆုတောင်းမိသည်။ သာသနာပြုဆိုသည့်အဓိပ္ပါယ်ကိုမသိသော်လည်း လူသားများသည် ဘုရားသခင်ကိုသိရန်ကျွန်တော်ကူညီလိုပါသည်။

ထိုနောက်ကောရက်(စ)ဟုခေါ်သော သတ္တမနေ့အသင်းတော်မရှိသည့်နေရာသို့ အမှုဆောင်ရန်သွားမည်ဟု စဉ်းစားထားပါသည်။ ထိုနေရာ၌အသိမရှိ၊ခရီးစရိတ်မရှိသော်လည်း "ကိုယ်တော်ကျွန်တော်သွားရန်အလိုတော်ရှိလျှင်လမ်းပြင်ဆင်ပေးပါ" ဟု တောင်းလျှောက်မိပါသည်။

ကျွန်တော့်ရဲ့ဆုတောင်းသံကိုဘုရားသခင်နားညောင်း၍ကောရက်(စ)ကျွန်း၌ ၇ နှစ်အမှုတော်ဆောင်ခဲ့ပါသည်။ ထိုဒေသခံများနှင့်မိတ်ဆွေဖွဲ့ ၍ အသင်းတော်အသစ်တစ်ခုတည်ထောင်နိုင်ရန် အစပျိုးနိုင်ခဲ့ပါသည်။

နှစ်အနည်းငယ်အကြာ၌ မာလီကူလူကျွန်း၌ ကျင်းပသောဓမ္မဂီတပွဲတော်တွင်၊ ငယ်စဉ်ကကျွန်တော့်စာအုပ်ကိုကောင်းပြတင်းပေါက်မှလွှင့်ပစ်ခဲ့သောဆရာမနှင့်ပြန်ဆုံတွေ့ခဲ့ပါသည်။ "ဆရာမ မင်းကိုပြောခဲ့မိတဲ့စကားတွေအတွက် စိတ်မကောင်းပါဘူး" လို့ မျက်ရည်များနှင့်တောင်းပန်ခဲ့ပါသည်။ ဆရာမလည်းသတ္တမနေ့အသင်းသားတစ်ဦးဖြစ်ခဲ့ပါပြီ။

ယနေ့၊ ကျွန်တော်သည်အသင်းလူကြီးတစ်ဦးဖြစ်၍ အသင်းတော်အသစ်တစ်ခုတည်ထောင်ရန် အစပျိုးလျက်ရှိသည်။ ကျွန်တော်ကျောင်းစာ၌ ကျရှုံးသော်လည်းကျွန်တော့်အတွက်ဘုရားသခင်၌ အစီအစဉ်ရှိသည်။

သမ္မာကျမ်းစာထဲ၌ "တဖန်မိန့်တော်မူသည်ကား၊ ငါသည်သင်တို့ကိုအကျိုးနဲစေခြင်းငှါကြံသောအကြံအစည်မဟုတ်ဘဲ၊ သင်တို့သည်မြော်လင့်သောအကျိုးကိုရမည်အကြောင်း၊ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သောအကြံအစည်တို့ကိုငါသိ၏။" ဟု ယေရမိအနာဂတ္တိကျမ်း ၂၉း၁၁ ၌ ဘုရားသခင်မိန့်တော်မူထားပါသည်။ ထိုကတိတော်သည်သင်နှင့်ကျွန်ုပ်အတွက်ဖြစ်ပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်ဆော်လမွန်ကျွန်းစုနှင့်ဗာနူတူကျွန်းစုရှိကလေးသူငယ်များ၏ ကျမ်းမာရေးစောင့်ရှောက်ခြင်းစီမံကိန်းအတွက်ဖြစ်သည်။ လှူဒါန်းပေးသောသူတစ်ဦးချင်းစီကိုအထူးကျေးဇူးတင်ပါသည်။

“ဘုရားသခင်အတွက်အမှုဆောင်သောအသက်တာ”

ဇန္နဝါရီလ ၃၁ ရက်၊ ရေးသားသူ-Moape,ဖီဂျီကျွန်း

သာမန်နေ့ရက်တစ်ရက်တွင်လုပ်ရိုးလုပ်စဉ်အတိုင်းအလုပ်လုပ်ရန် အသက် (၇၇)နှစ်၊မိုအာပီသည် နံနက်နေရောင်နှင့်အတူနိုးထလာ၍မိုးချုပ်နေဝင်အထိတိုင်ရပ်ထ၍အလုပ်လုပ်ပါသည်။ တိတ်ဆိတ်စွာဆုတောင်း၍ လုပ်ငန်းခွင်သို့ ရှေးရှုသွားပါသည်။ “ငါ့ရဲ့အကောင်းဆုံးလုပ်ဆောင်မှုကိုဘုရားသခင်အသိအမှတ်ပြုပါတယ်” လို့ ပြုံးရွှင်စွာရေရွတ်၍ “ငါကအစောဆုံးရောက်တဲ့သူဖြစ်ရမယ်” လို့ပြောမိပါတယ်။

ကျောက်ဆောင်ပေါ်များသော နေရာဟုခေါ်သော ကမ်းရိုးတန်းမြို့ ဖီဂျီကျွန်းပေါ်၌ မိုအာပီကြီးပြင်းခဲ့သည်။ အသင်းလူကြီးဖြစ်တဲ့အဖေက မိုအာပီကိုငါးဖမ်းပိုက်တွေဖာထေးခြင်း၊ဘုရားဝတ်ပြုကိုးကွယ်ဆောင်ကို တံမြက်စည်းလှဲခြင်းများတွင်ကူညီစေ၍ အိမ်နီးချင်းများကိုလည်း နာမည်ခေါ်၍ နှုတ်ဆက်စေပါသည်။ သူတပါးအကျိုးပြုသောအဖေ၏လုပ်ပုံဆောင်ရွက်ပုံများကို မိုအာပီပြန်မှတ်မိ၍ ထိုနည်းတူသူ၏အသက်တာကိုကုန်ဆုံးချင်သောဆန္ဒရှိခဲ့သည်။

လမ်းတစ်လျှောက် တရုတ်စကားပင်များနှင့်ဖုံးအုပ်နေသော တောင်စောင်း၌တည်ထားသောဖူလ်တန်ကောလိပ်တွင် ပညာသင်ကြားခဲ့ပါသည်။ စာသင်ခြင်း၊ ဆုတောင်းခြင်းနှင့်ကျောင်းပုံနှိပ်လုပ်ငန်းတွင်ပါဝင်လုပ်ဆောင်လျက်ရှိသည်။ သူ့လက်တွင် မှင်များစွန်းထင်းနေသော်လည်း နှလုံးသားတွင် မျှော်လင့်ချက်များရှိနေဆဲဖြစ်သည်။

သောကြာနေ့ ညနေပိုင်းတွင် ဆူဗာဘုရားကျောင်း၏ တရားပလ္လင်ဘေးတွင် မိုအာပီ ဒူးထောက်၍ "ကိုယ်တော်ကိုချစ်သော အမျိုးသမီးတစ်ဦးကို ကျွန်တော်၏ လက်တွဲဖော်အဖြစ်စေလွှတ်ပေးတော်မူပါ" ဟု ဘုရားသခင်ထံတွင် သူ့ဘဝ၏လက် တွဲဖော်ကိုရရှိရန် တောင်းလျှောက်ခဲ့ပါသည်။

သူ၏ဆုတောင်းသံကိုဘုရားသခင်နားညောင်းခဲ့ပါသည်။ ကြင်နာတတ်၍စာ ပေဖတ်တတ်သော မယ်ရာနှင့်လက်ထပ်ခဲ့ပြီး သမီး၃ဦးထွန်းကားခဲ့သည်။ ထိုဇနီး မောင်နှံသည် ဘုရားသခင်ဦးဆောင်မှုနောက်သို့မည်သည့်အရပ်ကိုမဆို သွားပါမည် ဟုကတိပြုခဲ့ကြသည်။

သူတို့သည်ပထမဆုံးဆူဗာရှိထရန်-ပစိဖိတ်ပုံနှိပ်လုပ်ငန်းတွင်အမှုဆောင်ရန် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ မိုအာပီသည် နံနက်စောစောတွင်စာရွက်များကို စီ ထားခြင်း၊ပုံနှိပ်စက်အားစနစ်ကျစေရန်ပြင်ဆင်ထားခြင်းနှင့်ပုံနှိပ်ထုတ်ဝေထားသော ဓမ္မစာပေစာအုပ်များကိုစာအုပ်စင်၌သပ်ရပ်စွာစီရီထားခြင်းများကိုသေချာစွာဆောင် ရွက်ထားပါသည်။

တရားဟောဆရာဖြစ်ရန်ဆန္ဒရှိသော မိုအာပီ၏ရည်မှန်းချက်ကိုမန်နေဂျာသိ သောအခါ ခေါင်းကိုရမ်း၍"ပုံနှိပ်တိုက်မှာနေ၍အမှုဆောင်ပါ" "မင်းပုံနှိပ်လိုက်တဲ့စာ မျက်နှာတိုင်းကတရားဟောချက်ထက်ပိုပြီးဝေးတဲ့နေရာတွေကိုရောက်နိုင်ပါတယ်" လို့ပြောလိုက်ပါတယ်။

ဒီစကားလုံးများသည်မိုအာပီ၏နှလုံးသားကိုထိခိုက်၍ "ငါ့လိုစကားနည်းတဲ့ သူကဒီအလုပ်နဲ့သာကိုက်ညီပါတယ်" လို့လက်ခံလိုက်ပါသည်။ သူ၏အလုပ်ကြိုးစား မှုကြောင့်ကိုးနှစ်တာအချိန်အတွင်း၌စက်ဆရာ၊ စက်ရုံမှူး၊ဘဏ္ဍာရေးမှူးစသည်ဖြင့်ရာ ထူးများတိုး၍အမှုတော်၌ပါဝင်ဆက်ကပ်ခဲ့သည်။ အဆင့်တိုင်း၌ဘုရားသခင်က သိမ် မွေ့နူးညံ့စွာပို့ဆောင်လျက်ရှိသည်ဟုသူခံစားခဲ့ရသည်။

၁၉၇၈ ခုနှစ်တွင်ပုံနှိပ်တိုက်များပိတ်လိုက်ရ၍ ယူနီယံပုံနှိပ်စက်ရုံကိုလည်း ပိတ်၍ဖူလ်တန်ကောလိပ်၌စာရင်းကိုင်အဖြစ်အမှုဆောင်ရန် စေလွှတ်ခြင်းခံရသည်။ မိသားစုများသည်အထုပ်အပိုးများပြင်ဆင်၍တောင်စောင်း၌ရှိသောအိမ်ကောင်းကောင်းသို့သွားရောက်နေထိုင်ရတော့မည်ဟု မျှော်လင့်လျက်ပြောင်းရွှေ့လာခဲ့ကြသည်။ သို့သော် ရာသီဥတုဒဏ်ခံရ၍မိုးယိုသောခေါင်မိုးနှင့် ကွာကြလျက်ရှိသောနံရံများနှင့်အိမ်ကိုသာတွေ့ရသည်။

မယ်ရာက "ဆူဗာကိုပြန်မယ်" လို့ငိုပြီးပြောတဲ့အခါမိုအာပီက သူမပုခုံးလေးကိုညင်သာစွာဖက်ထားပြီးနောက် "ငါတို့တွေသက်သောင့်သက်သာနေဖို့မဟုတ်ဘူးလေ။ ဘုရားအတွက်လေ" လို့အားပေးခဲ့ပါသည်။

ဇနီးမောင်နှံ ၂ဦးသည်အိမ်ထဲရှိကြမ်းများကို တိုက်ချွတ်ဆေးကြော၍ အမိုးများကိုလည်း နေရောင်ခြည်အိမ်ထဲသို့မထိုးဖောက်ရန် ဖာထေးခဲ့ပါသည်။ နံရံများကိုလည်းသန့်ရှင်းစေရန် သုတ်သင်လိုက်ပါသည်။ အသင်းတော် ခေါင်းဆောင်များအတွက်တည်းခိုရန်ဧည့်ဂေဟာအဖြစ် ပြင်ဆင်နိုင်ခဲ့သည်။ "ဘုရားရှင်သည်အဆိုးဆုံးမှအကောင်းဆုံးသို့ပြောင်းပေးခဲ့သည်" ဟုမယ်ရာသည်ရယ်မော၍ပြောခဲ့ပါသည်။

ကောလိပ်၏ဘဏ္ဍာရေးဌာန၌အလုပ်များကိုသစ္စာရှိစွာဆက်လက်လုပ်ကိုင်လျက်၊ ကျောင်းသားများလည်း သူနှင့်ရင်းနှီးစွာနေထိုင်လျက် ကလေးသူငယ်များလည်း ဆော့ကစားလျက်ဘဝကိုအေးချမ်းစွာဖြတ်သန်းလျက်ရှိကြသည်။

တစ်နေ့သောနေ့လည်ခင်း၌ကျောင်းသားဟောင်းတစ်ဦးသည်သပ်ရပ်စွာဝတ်စားဆင်ယင်လျက် တဘီတီမှရောက်လာခါ "ကျွန်တော် စီးပွားရေးစလုပ်နေပါတယ်။ကျွန်တော့်အတွက်အလုပ်လုပ်ပေးရင်ဒီလစာထက်သုံးဆပေးမယ်" လို့စတင်ကမ်းလှမ်းခဲ့သော်လည်း "ငါပင်စင်ယူတဲ့အထိဘုရားအမှုတော်မှာသာဆက်ကပ်မယ်လို့ဆုံးဖြတ်ထားတယ်။ ငွေကြေးကငါ့ရဲ့ဆုံးဖြတ်ချက်ကိုမပြောင်းလဲစေနိုင်ဘူး" လို့

မိုအာပီ ပြန်ပြောခဲ့ပါသည်။ ထိုကျောင်းသားဟောင်းသည် သူ၏ အစီအစဉ်ကိုရုတ်သိမ်း၍ဖီဂျီကျွန်းမှ ထွက်ခွာသွားခဲ့သည်။

ဒီလိုအဖြစ်အပျက်များသည်မိုအာပီ၏ယုံကြည်ခြင်းကိုခိုင်မြဲရန်ခွန်အားရှိစေသည်။ "စမ်းသပ်မှုတိုင်းသည်ကျွန်တော့်ကို ဘုရားသခင်၌ပို၍မှီခိုစေသည်" ဟုသူပြောခဲ့သည်။နေ့စဉ်ဆုတောင်းခြင်းသည်ကျောက်ဆူးကဲ့သို့ခိုင်မာစေသည်။နံနက်စောစောတွင် ဘရက်ဖရု(breadfruit) အပင်နားတွင်၊နေ့လည်ခင်းတွင်ကျောင်းသားမရှိသောစာသင်ခန်းတွင်၊ညနေပိုင်း၌ရေနံဆီမီးအိမ်ဘေးကမိသားစုများနှင့်အချိန်ကုန်ဆုံးလေ့ရှိသည်။

ထိုအချိန်မှနောင် ၅၂ နှစ်အကြာ မိုအာပီ ပင်စင်ယူ၍ကျောင်းမှသူ၏အိမ်သို့အပြန်လမ်းတွင် ဆူဗာရှိ ပုံနှိပ်တိုက်တွင်နုပျိုသောအရွယ်၌ အလုပ်လုပ်ခဲ့သောစက္ကူထမ်းသမားလေး၏မျက်နှာတွင်အပြုံးများဝေဆာနေသည်။ မယ်ရာကတော့အိမ်တံခါးဝမှစောင့်ကြိုနေကာ သူမနောက်ကျော၌ သား၊သမီး၊မြေးများပါအော်ဟစ်ကိုဆိုနေကြသည်။ ဒေသအစားအစာများကိုစားသောက်ကြ၍၊ဓမ္မသီချင်းများကိုသီဆို၍ရှေးဟောင်းနှောင်းဖြစ် သူတို့၏ဘဝဖြတ်သန်းခဲ့ပုံများကို ပြန်ပြောင်းပြောပြရင်း၊ ညနက်အထိမိသားစု အချိန်အတူ ကုန်ဆုံးခဲ့ကြသည်။

ကလေးများကို မိုအာပီဘာတွေများသင်ကြားပေးပါသလဲလို့သင်မေးလျှင် "ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်။ သွားလေရာရာ၌ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင်သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်။ (သုတ္တံ ၃း၅၊၆) ကိုစဉ်းစားခြင်းမရှိချက်ချင်းရွတ်ပြ၍ "ဘုရားကိုဦးစားပေး၊နံနက်တိုင်းရွေးချယ်မှုတိုင်းတွင်ဘုရားကိုမျက်မှောက်ပြုပါ။ အိမ်စုတ်ထဲမှာ၊အသံတွေ ဆူညံတဲ့ပုံနှိပ်စက်ခန်းထဲမှာ ဘုရားကိုသာ မျက်မှောက်ပြုထားရင် နောက်ဆုံး မင်းရှိရမယ့်နေရာကို ဘုရားရှင်တိကျစွာခေါ်ဆောင်သွားပါလိမ့်မည်" လို့ မိုအာပီဖြေပါလိမ့်မည်။

"ရာ" ကျွန်းဆွယ်မှာနေဝင်၍ ကောင်းကင်၌တိမ်ပန်းချီများ အဝါ၊လိမ္မော်ရောင်ခြယ်ထား၍လှပလွန်းသည်။နောက်တစ်နေ့နံနက်အာရုဏ်တက်ကြက်တွန်ချိန်၌ မိုအာပီနိုးထ၍တစ်နေ့တာသူ့အားဦးဆောင်မည့်ဘုရားသခင်အတွက်အမ၍ဆောင်ရန်အသင့်ရှိနေပါသည်။

ဖူလတန်သတ္တမနေ့ကောလိပ်အတွက် ၂၀၀၀ ခုနှစ်တွင်စာကြည့်တိုက်တိုးချဲ့ရန်အတွက် အလှူငွေအားဖြင့်ကူညီပေးခဲ့သည့်အတွက်ကျေးဇူးတင်ပါသည်။ ယခုကွာတာ၏အလှူငွေသည်လည်းဆော်လမွန်ကျွန်း၌ကလေးများကျန်းမာရေးစောင်ရှောက်မှုစီမံကိန်းအတွက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ကျေးဇူးတင်ပါသည်။

-၀-

"ဘုရားသခင်ကျွန်မကိုသွားခွင့်မပြု"

ဖေဖော်ဝါရီလ ၇ ရက်၊ ရေးသားသူ-ဆယ်ရာ၊ ဖီဂျီကျွန်း

ကျွန်မသည် လှပသောဖီဂျီကျွန်းသူဆယ်ရာဖြစ်ပါသည်။ ဖူလ်တန်သတ္တမနေ့အသင်းတော်ကောလိပ်မှ ပညာရေး ဒီဂရီ ဒုတိယနှစ်ကျောင်းသူ ဖြစ်ပါသည်။

ကျမဘာမှဖြစ်မလာခဲ့ပါဘူး။ အေးဆေးသာအသက်ရှင်ခဲ့ပါသည်။

အိမ်ထောင်ကွဲသောမိဘများမှကြီးပြင်းခဲ့ရသောကြောင့် ကိုယ့်ကိုကိုယ်ဂရုစိုက်ခဲ့ရသည်။ အားကိုးစရာမရှိ၊လုံခြုံမှုမရှိ၊ အသက်တာကတိုက်ပွဲကဲ့သိုကျွန်မတစ်ဦးတည်း တိုက်ခိုက်နေရသည်။ အထက်တန်းကျောင်းသူအရွယ်၌ စီးကရက်နှင့်အရက်သွားရည်စာစတင်သောက်တတ်ခဲ့သည်။ ထိုအရာများသာကျွန်မ၏တစ်ခုတည်းသောလွတ်မြောက်ရာစိတ်သက်သာရာဖြစ်ပါသည်။

မထူးခြားနားသောရက်သတ္တပတ်များစွာအလုပ်လုပ်၍လုပ်အားခရလျှင်ထိုမူးယစ်ဆေးများအတွက်သာသုံးပစ်လိုက်သည်။ ကျွန်မကိုထိခိုက်သောထိုအရာများမှရုန်းမထွက်နိုင်ခဲ့ပါ။ ကိုင်းခွက်နှင့်အရက်ကိုသောက်နေစဉ်အသိစိတ်တစ်ချက်ဝင်ခဲ့

သော်လည်း ထိုစိတ်သည်ကျွန်မ၏အကျင့်ဆိုးများကိုမတားဆီးနိုင်ခဲ့ပါ။ ထိုနောက် ယာဉ်တိုက်မှုဖြစ်ခဲ့ပါသည်။

ထိုည၏အဖြစ်အပျက်သည်အရာရာပြောင်းလဲစေခဲ့သည်။ကျွန်မသေဆုံးနိုင်ချေများပါသည်။ ကျွန်မအသက်မရှင်နိုင်မှန်း ကောင်းစွာသိခဲ့ပါသည်။ ထိုယာဉ်မတော်မဆဖြစ်မှုသည် ကျွန်မ အသက်ဆက်လက်ရှင်သန်နိုင်ရန် သတိပေးချက်ဖြစ်ခဲ့ပါသည်။

ဒီအဖြစ်အပျက်သည်၂၀၁၈ခုနှင့် ဖူလ်တန်သတ္တမနေ့အသင်းတော်ကောလိပ်၌စီးပွားရေးပညာရပ်ကိုသင်ကြားစဉ်ဖြစ်သည်။ သတ္တမနေ့အသင်းတော်၏ယုံကြည်ချက်များအတွက်ဆရာ၊ဆရာမများနှင့်အမြဲငြင်းခုံခဲ့ရသည်။ ထိုယုံကြည်ချက်ကိုမနာခံလို၊မကြားလိုပါ။ အရင်သောက်စားမူးယစ်သောဘဝသို့ ပြန်သွားခဲ့လျှင် ကျွန်မအတွက်ပို၍ လွယ်ကူမည်ဟုတွေးမိခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပြီးသည့်နောက် စိတ်ဓါတ်ကျလာခဲ့သည်။အပြစ်ရှိသည်ဟုခံစားချက်၊ မိမိကိုယ်ကိုအဆုံးစီရင်လိုသော ခံစားချက်များသည်ကျွန်မကို ဝါးမျိုလျက်ရှိသည်။

ကျွန်မဘဝကြီးအမှောင်တွင်းထဲ၌ ကျရောက်၍နက်သထက် နက်လာသော်လည်းသေးငယ်သောအသံလေးတစ်သံကိုကြားလိုက်ရပါသည်။ “အဆင်ပြေသွားမှာပါ” လို့ကျွန်မ၏ နားနားတွင်တိုးညင်းစွာပြောသံကိုကြားခဲ့ရသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အသံဖြစ်ပါလိမ့်မည်။

ကျွန်မ ဘုရားကျောင်းမသွား၊ ကျမ်းစာမဖတ်ဖြစ်ခဲ့ပါ။ သို့သော် ဆုတောင်းခြင်းအမှုကိုမပြတ်လုပ်ဆောင်ခဲ့ပါသည်။ ဆုတောင်းခြင်းကို ငယ်စဉ်ကတည်းကပင် လုပ်ဆောင်ခဲ့၍ထိုသို့ ဆုတောင်းခြင်းကိုပင်ဘုရားသခင်နားညောင်းခဲ့ပါသည်။

ကျွန်မ၏ဦးလေးနှင့်အဒေါ်တို့သည်သတ္တမနေ့အသင်းသားများဖြစ်၍ဘုရားသခင်၏အလင်းတရားကိုပြသပေးခဲ့သည်။ ကျွန်မငယ်စဉ်က ဖူလ်တန် ကောလိပ်ခြံ

ဝင်းထဲသို့အားလပ်ရက်၌ရောက်ခဲ့ဘူးပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုယ့်အတွက်ရှာဖွေရယူရန်နူးညံ့စွာအားပေးကြပါသည်။အတင်းမတိုက်တွန်းကြပါ။ ပြန်တွေးကြည့်လျှင်သူတို့သည် ကျွန်မဘဝ၏အကြီးဆုံးအစိတ်အပိုင်းဖြစ်၍ကျွန်မ နှလုံးသားထဲတွင်မျိုးစေ့ချထားပေးခဲ့ကြသည်။

အစပိုင်းတွင်လက်မခံချင်ခဲ့ပါ။ ရင်ထဲ၌နာကြင်ရသည်။ လူတွေက "စနေ ပျက်"လို့ကျွန်မကိုခေါ်ကြပါသည်။ ငယ်စဉ်ကကြားခဲ့ဘူးသည်မှာ"သတ္တမနေ့သည် ဘုရားသခင်၏ဥပုသ်နေ့ဖြစ်သည်ဟုကျမ်းစာမှဖော်ပြထားပါသည်" ဟုသတိရသော်လည်းကျွန်မလက်မခံနိုင်ခဲ့ပါ။

ကျမ်းစာကိုဖြည်းဖြည်းချင်းစတင်လေ့လာခဲ့ပါသည်။ တစ်နေ့ "သခင်ခရစ် တော်ကြွလာမယ်ဆိုတာသိလား" လို့အသင်းအုပ်မှပြောလိုက်ချိန် ကျွန်မ တုန်လှုပ် သွားခဲ့ပါသည်။ ကျွန်မရဲ့အမြင်များပါပြောင်းလဲခဲ့သည်။

ဖူလ်တန်ကောလိပ်သို့ ပြန်လာခဲ့ပါသည်။ကျွန်မမှာဘာအစီအစဉ်မှမရှိသလို၊ ပိုက်ဆံမရှိ၊ ကျောင်းစရိတ်ဘယ်လိုပေးရမလဲမသိသော်လည်း "အဖဘုရား၊ ကျွန်မ ကျောင်းပြန်တက်ချင်ပါတယ်" ဟုသာ ဆုတောင်းခဲ့ပါသည်။

ကျောင်းမတက်မီရက်အနည်းငယ်အလို၌ ကျွန်မ၏အစ်မနှင့် သူမ၏ခင်ပွန်း သည်မှကျောင်းစရိတ်များပေး၍ "မင်းရဲ့ဘဝစတင်မှုကိုငါတို့ကူညီချင်လို့ပါ။ ဒီပိုက် ဆံတွေကပြန်ပေးစရာမလိုဘူးနော်" လို့ ပြောခဲ့ပါသည်။

ဘုရားသခင်ကအခွင့်အရေးတံခါးများဖွင့်ပေးခဲ့ပါသည်။ခဏခဏကျွန်မရဲ့ စာသင်နှစ်အတွက်ပြင်ဆင်ပေး၍၊ ခေါင်းဆောင်မှုအခွင့်အရေးများ ပေးခဲ့ပါသည်။ သမ္မာတရားကိုသိရန်လမ်းပြပေးမည့်သူကိုလည်း စေလွှတ်ပေးခဲ့ပါသည်။

ကြီးမားသောအံ့ဖွယ်မှုမှာကျွန်မနှစ်ခြင်းခံခဲ့ပါသည်။ သူတစ်ပါးတိုက်တွန်း ခြင်းကြောင့်မဟုတ်၊ ကျွန်မကိုယ်တိုင်ရွေးချယ်မှုပြု၍ ဘုရားသခင်၏ နောက်တော် လိုက်ရန်သမ္မာတရားကိုတွေ့ရှိသောကြောင့် ကျွန်မ လက်ခံခဲ့သည်။

ဝိညာဉ်ရေးအသက်တာ၌ အသက်ရှင်ခြင်းသည် ကျွန်မစွန့်လွှတ်ခဲ့သောအသက်တာထက်ပို၍ခက်ခဲသည်။ သို့သော် ထိုစွန့်လွှတ်မှုသည်တိုက်တန်သည်။ အရင်ကလောကပေးတဲ့အရာကိုငြိမ်သက်ခြင်းလို့ ထင်မှတ်ခဲ့မိပါသည်။ ယခုတွင်ဘုရားသခင်ပေးသောစိတ်နှလုံးငြိမ်းချမ်းမှုသည်ကျွန်မ၏စိတ်ထဲတွင်အလိုအပ်ဆုံးဖြစ်သည်ကိုသိခဲ့ရသည်။

ယနေ့တွင် ကျွန်မသည် ကျမ်းစာကိုပို၍ဖတ်ကာ လေးနက်စွာဆုတောင်းလျက်ကျွန်မ၏အသက်တာနှင့်ယှဉ်၍ဘုရားသခင်၏ချစ်ခြင်းမေတ္တာမသိသေးသောသူများကို သက်သေခံလျှက်ရှိပါသည်။

ဖူလ်တန်ကောလိပ်သည်ကျောင်းထက်ပို၍သမ္မာတရားကိုသင်ယူ၍ဝိညာဉ်ရေးကုသရာနေရာ၊ရယ်ရွှယ်ချက်များ ရှင်သန်စေသောနေရာဖြစ်ပါသည်။ အသက်မွေးမှုအတွက်ပြင်ဆင်ပေးသည့်ထက်ထာဝရအသက်အတွက်ပြင်ဆင်ပေးပါသည်။

ကျွန်မပြောချင်တာကတော့ဘုရားကိုဘယ်တော့မှစိတ်မပျက်စေပါနှင့်။ လမ်းမှားရင်ဖြစ်စေ၊လဲကျရင်ဖြစ်စေ အရှုံးမပေးပါနှင့်၊ပြန်ထပါ၊ဘုရားသခင်၏လမ်းပြမှုနောက်လိုက်ပါ။ ကျွန်မအပေါ်၌ကိုယ်တော်လက်မလျှော့ခဲ့သကဲ့သို့ သင့်ကိုကိုယ်တော်လက်လျှော့တော်မမူပါ။

ဆော်လမွန်ကျွန်းနှင့်ဗာနူတူကျွန်းတွင်ရှိသောကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းအတွက်အလှူငွေများကိုထည့်ဝင်လှူဒါန်းသူတစ်ဦးချင်းစီတိုင်းအားကျေးဇူးတင်ပါသည်။

-၀-

“နာကျင်မှုအားဖြင့်ခေါ်တော်မူသည်”

ဖေဖော်ဝါရီလ ၁၄ ရက်၊ ရေးသားသူ-မိုင်လို၊ဖီဂျီကျွန်း

ကျွန်တော်ကမိုင်လိုဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းမှာရှိတဲ့ဆာမို အာကျွန်းသည်လှပသောကျွန်းကလေးဖြစ်ပါတယ်။ ကျွန်တော်၏ဇာတိမွေးရပ်မြေဖြစ်သည်။ ကျွန်တော်သည်ချစ်ခြင်းမေတ္တာပျောက်ဆုံး၍နာကျင်မှုများရှိသောမိသားစုတွင်ခက်ခဲစွာကြီးပြင်းခဲ့ရသည်။ အဖေသည်အရက်ကျေးကျွန်ဖြစ်၍ကိစ္စအသေးအမွှားလေး၌ပင် ပြင်းထန်စွာပေါက်ကွဲတတ်၍ အမေ့ကိုခဏခဏရိုက်နှက်ခဲ့သည်။ ကျွန်တော်တို့မောင်နှမများသည် ကြောက်ရွံ့ခြင်း၊ စိတ်ရှုပ်ထွေးခြင်းများနှင့်သာကြီးပြင်းခဲ့ရသည်။

ကျွန်တော်အသက်ကြီးလာသောအခါဘုရားသခင်ကို" ကျွန်တော့်မှာ အနာဂတ်ရှိလား၊ရည်မှန်းချက်ဆိုတာရောရှိနိုင်မလား" လို့ မေးခွန်းထုတ်မိသည်။ ဘုရားရှင်ပေးမည့်အဖြေကိုနားထောင်၍၊ လိုက်လျှောက်ရန် ကျွန်တော်အသင့်ရှိပါသည်ဟု ဘုရားသခင်ကိုပြောမိပါသည်။ အဖြေအတွက် ကျွန်တော် ဆုတောင်းမျှော်လင့်ချက်ထားခဲ့သော်လည်း၊ဘုရားထံမှဘာမှတုံ့ ပြန်ချက်မရခဲ့ပါ။ ကျွန်တော်ဒေါသထွက်၍ ဘုရားသခင်ကိုစတင်၍အပြစ်တင်မိခဲ့ပါသည်။

တစ်စုံတစ်ခုမှဘုရားသခင်ထံကျွန်တော့်ကိုဆွဲဆောင်နေခဲ့သည်။ ဗုဒ္ဓဟူးနေ့၌ကျမ်းစာသင်တန်းသို့တက်၍၊ ဥပုသ်နေ့တွင်ဘုရားကျောင်းသို့သွားတက်ခဲ့သည်။အမေသည်ကျွန်တော့်ဘဝ၏ကျောက်ဆောင်ပင်ဖြစ်သည်။ သူမ၏နာကျင်မှုများသည် သူမကိုပို၍သန်မာလာစေကာ အမှားအမှန်ခွဲခြားတတ်စေရန် အားပေးစကားပြောလျက်ရှိသည်။ ကျွန်တော်ငယ်ငယ်က ဘုရားကျောင်းရဲ့အစီအစဉ်တွေမှာ အမေကပါဝင်ခိုင်းလေ့မရှိပါဘူး။ သို့သော်မထင်မှတ်ထားသောအရာများဖြစ်ခဲ့ချေပြီ။

၂၀၂၄ ခုနှစ်တွင် ဆာမိုအာတွင်ပြုလုပ်ကျင်းပမည့် လူငယ်ညီလာခံသို့တက်ရောက်ရန်ကျွန်တော့်ကိုအမေကတိုက်တွန်းခဲ့ပါသည်။ "မင်းသွားသင့်တယ်" ဒီညီလာခံကသားဘဝကိုပြောင်းလဲစေလိမ့်မည်လို့အမေက ကျွန်တော့်ကိုပြောချိန်တွင်ကျွန်

တော်အံ့အားသင့်ခဲ့ရသည်။ အမေ့ရဲ့စကားတွေကို နှလုံးသွင်းမိပြီး လူငယ့်ညီလာခံ တက်ရန်စာရင်းပေးသွင်းခဲ့ပါသည်။

ညီလာခံ မစခင်ကျွန်တော်ဆုတောင်းခဲ့ပါသည်။ ဤတစ်ကြိမ်တွင် အဖြေရ ရန်မဟုတ်၊ ဘုရားသခင်ထံမှ အမှတ်အသားတစ်ခုပြရန် ဖြစ်ပါသည်။ ကျွန်တော့်ကို ကိုယ်တော်ခေါ်တော်မူသည်ကို သေချာစွာသိရန် လိုအပ်ပါသည်။ အစည်းအဝေးအ ပိုင်းတစ်ပိုင်း၌တစ်နှစ်အမှုတော်တွင်ဆက်ကပ်ရန် စေတနာ့ဝန်ထမ်းအဖြစ်ဆက်ကပ် မည့်သူများကိုဖိတ်ခေါ်နေပါသည်။ စိတ်နှလုံးထဲ၌တန်ခိုးတစ်ခုကိုခံစားရပါသည်။ ဘု ရားရှင်ကျွန်တော့်ကိုစကားပြောနေသည်ဟု သေချာသိခဲ့ရသည်။ ဤနေ့ရက်မတိုင်မီ ဘုရားထံမှဘာအဖြေမှမရခဲ့ခြင်းသည် ဤနေ့ရက်အတွက်ကျွန်တော့်ကိုပြင်ဆင်ပေး ထားကြောင်းသဘောပေါက်၍နာမည်စာရင်းတင်သွင်းခဲ့သည်။

ကျွန်တော်ဖူလ်တန်ကောလိပ်သို့တက်ရောက်၍ အမှုတော်သာသနာ၌ပါဝင် ဆက်ကပ်ရန်အမှုဆောင်သင်တန်းတက်ရောက်စဉ် ဝမ်းနည်းစရာများကျွန်တော့်ထံ သို့အလုံးအရင်းဝင်ရောက်လာပါသည်။ ကျွန်တော့်အစ်ကိုသေဆုံးကြောင်းကြားသိခဲ့ ရပါသည်။ ကျွန်တော်နှင့်၁၆ နှစ်လုံးအတူတူအသက်ရှင်ခဲ့သောသူဖြစ်သောကြောင့် စိတ်တွင်နာကျဉ်ခဲ့ရသည်။ ကျွန်တော့်နှလုံးသားကိုဓားနှင့်မွှန်းသလိုခံစားခဲ့ရသည်။ အိပ်မက်တွေကြေမွ၍မျှော်လင့်ချက်ပျောက်ဆုံးခဲ့ရသည်။ သူ့အတွက်ကျွန်တော်ဘာ မျှမလုပ်ပေးရသောကြောင့်အသုံးမကျတဲ့သူတစ်ယောက်အဖြစ် ကိုယ့်ကိုကိုယ်ခံစား ခဲ့ရသည်။

ဤသို့ ဖြစ်ပြီးနောက်အမေကျွန်တော့်ဆီရောက်လာခဲ့သည်။ သူမ၏နာကျင် စွာခံစားရမှုများမှအားပေးစကားများ ပြောခဲ့သည်။ ဘုရားသခင်သည် ကျွန်တော့်ကို အမှုတော်ဆောင်ရန်ခေါ်တော်မူသည်ကိုလည်းအမှတ်ရစေခဲ့သည်။ အမေ့ရဲ့စကားသံ တွေကြားမှာကျွန်တော်တဖန်ခွန်အားရှိလာခဲ့ပါသည်။ ကျွန်တော်ခွန်အားနည်း၍ ချိန့် ချိန်၌သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော့်ကိုလမ်းညွှန်၊အားဖြစ်စေ၍ပြုပြင်

ပေးသည်ဟုခံစားရပါသည်။

ဘ၀မှာနာကျင်မှုနဲ့တွေ့ကြုံရတဲ့သူတိုင်းကိုကျွန်တော်ပြောချင်တာကတော့ အားလျှောအရှုံးမပေးလိုက်ပါနဲ့။ ရန်သူစာတန်သည် သင့်ကို မျှော်လင့်ခြင်းမဲ့စွာ၊ ထိခိုက်ကျိုးပဲ့စွာနှင့်ဘ၀အဓိပ္ပါယ်ပျောက်ဆုံးစွာနေထိုင်နေခြင်း၌ရပ်တံ့စေချင်သည်။သို့သော်ဘုရားသခင်သည်သင့်အပေါ်တွင်ဝိညာဉ်တော်အားဖြင့်သင့်အသက်တာဝမ်းမြောက်ပျော်ရွှင်၊ကျန်းမာစွာအသက်ရှင်ရန်တိတ်ဆိတ်စွာလုပ်ဆောင်လျက်ရှိသည်။ သင့်အသက်တာပို၍ကြီးမြတ်လာရန် ပြင်ဆင်ပေးလျက်ရှိသည်။ ဘုရားသခင်အားဆုတောင်းပါ။ ယုံကြည်ပါ။ ကိုယ်တော်၏အသံတော်ကိုနားထောင်ပါ။ သင်လိုချင်သောအချိန်၌ဘုရားသခင်ခေါ်သံကိုမကြားရသော်လည်းသင်ပြုရမည့်အမှုရှိလာသောအခါသိရလိမ့်မည်။ ထိုအခါ၌ "ကျွန်ုပ်ရှိပါသည်" ဟုကိုယ်တော်အားဝန်ခံရန်မပျက်ကွက်ပါနှင့်။

သခင်ယေရှုမိန့်တော်မူသော "ဖြောင့်မတ်ခြင်းတရားကြောင့်နှောင့်ရှက်ညှဉ်းဆဲခြင်းကိုခံရသောသူတို့သည်မင်္ဂလာရှိကြသည်။ အကြောင်းမူကား၊ကောင်းကင်နိုင်ငံတော်သည်ထိုသူတို့၏နိုင်ငံဖြစ်၏" မဿဲ ၅း၁၀။ ထိုကတိတော်ကိုစွဲကိုင်၍ ကိုယ်တော်၏စောင့်မတော်မူခြင်းကိုခံရသောသူဖြစ်ကြပါစေ။

၂၀၁၃ ခုနှစ်တွင်သမ္မာကျမ်းစာအုပ် ၁၅,၀၀၀ ကိုပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၌ရှိသောကျွန်းစုများတွင်ပေးဝေရာ၌ မိုင်လိုကဲ့သို့လူငယ်အများအပြားသည်ကျမ်းစာသင်ကြားနိုင်ခဲ့ပါသည်။ ယခု ၃လပတ် အလှူငွေသည် ဆော်လမွန်ကျွန်းစုနှင့်မာဒူတူကျွန်း ရှိကလေးသူငယ်များ၏ ကျန်းမာရေးဂရုစိုက်ပေးရန် စီမံကိန်းအတွက်ဖြစ်ပါသည်။ အလှူငွေအားဖြင့် ပါဝင်လှူဒါန်းပေးသူ တစ်ယောက်ချင်းစီကိုကျေးဇူးတင်ပါသည်။

-o-

"ဝတ်ပြုကိုးကွယ်ရန်အိမ်"

ဖေဖော်ဝါရီလ ၂၁ ရက်၊ ရေးသားသူ-အဲလစ်ဖီဂျီကျွန်း

ကျမကတော့ဆော်လမွန်ကျွန်းစုမှအဲလစ်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာအထက်တန်းကျောင်းဆရာမတစ်ဦးအဖြစ်အလုပ်လုပ်ခဲ့ပြီး၊ ယနေ့တွင်စူးစမ်းလေ့လာသူတစ်ဦးအနေဖြင့်ပညာဒါနဖြန့်ဝေသူအနေဖြင့် အလုပ်လုပ်ကိုင်လျက်ရှိသည်။ လူငယ်အစီအစဉ်များ၌ပါဝင်၍ ရပ်ကွက်အကျိုးသယ်ပိုးရာ၌ ပျော်မွေ့သူဖြစ်ပါသည်။ ကျမဆောင်ရွက်ခဲ့သောအရာများထဲတွင် ကျမ၏ယုံကြည်ခြင်းကိုပံ့ဖော်ပေးခဲ့သော ပစိဖိတ်ဒေသ သာသနာပြုအဖွဲ့အစည်းတွင် ပါဝင်ခဲ့ရခြင်းသည် အကျေနပ်ဆုံးနှင့် ကျေးဇူးတင်စရာအကောင်းဆုံးလုပ်ဆောင်မှုဖြစ်ခဲ့သည်။

ဤအဖွဲ့အစည်းတည်ရှိခြင်းသည် အဆောက်အဦးတစ်ခုထက်ပို၍ပစိဖိတ်တောင်ပိုင်းဒေသတွင်းရှိ ဆူဗား၊ဖီဂျီမှလူငယ်များ၏ ဝိညာဉ်ရေးတိုးတက်မှုအတွက်ဆောင်ရွက်ပေးသောအိမ်ဖြစ်သည်။ ကျမရဲ့အိပ်မက်တွေ ဒီနေရာမှစတင်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင်စုပေါင်းဝတ်ပြုကိုးကွယ်သောအစုအဖွဲ့လေးသည်တနေရာမှတစ်နေရာသို့ ဥပုသ်နေ့တိုင်းပြောင်းရွှေ့၍ဝတ်ပြုကိုးကွယ်မှုပြုကြသည်။ တက္ကသိုလ်မှစာသင်ခန်းများ၊ မြို့တွင်းရှိခန်းမများသို့ ပြောင်းရွှေအသုံးပြုခဲ့သည်။ တူရိယာတန်ဆာပလာများIPA System အတွက်စက်ကြီးများကိုတက္ကစီနှင့်သယ်ရသည်။ရံဖန်ရံခါဝန်ပို၍တင်ဆောင်ခြင်းကြောင့်ကားခပိုပေးရချိန်များလည်းရှိသည်။အသုံးပြုမည့်ထိုင်ခုံ၊ စားပွဲ၊ ပန်းကန်ခွက်ယောက်များကိုလည်း နေပူမိုးရွာမရှောင် သယ်ဆောင်ခဲ့ရ သည်။

"ဥပုသ်နေ့တိုင်းစွန့်စားခန်းတွေပဲ" လို့အဖွဲ့ဝင်တစ်ဦးမှပြုံး၍ပြောခဲ့ဘူးသည်။ "ဘယ်အခန်းမှာနေရာရမလဲဆိုတာကြိုတင်မသိနိုင်ဘူး" လို့ ပြောခဲ့ဘူးပါသည်။

နေရာကျဉ်းခြင်း၊ အချိန်ပိုကြေးပေးရခြင်း၊ ရာသီဥတုကြမ်းတမ်း၍အစီအစဉ်များပျက်ခြင်းစသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ နေရာထိုင်ခင်းအဆင်ပြေ

ရန်ထက် ကျမတို့လူငယ်များဝိညာဉ်ရေးတိုးတက်ကြီးပွားရန်အတူတကွစုရုံး၍လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်နိုင်မည့် ကိုယ်ပိုင်နေရာလေးတစ်ခုသာမျှော်လင့်မပါသည်။

အသင်းတော်ခေါင်းဆောင်များမှထိုလိုအပ်ချက်ကိုသိမြင်၍ ဆုတောင်းပေးခဲ့ကြသည်။ စိတ်ကူးသည်လက်တွေ့အကောင်အထည်ပေါ် ခဲ့သည်။ ဆူဗာတက္ကသိုလ်အနီး၌သခင်ယေရှု၏သံတမန်များဖြစ်လာမည့်လူအများကို သင်ကြားပေးနိုင်ရန်နှင့် စာသင်ပေးနိုင်ရန်အဆောက်အဦးတစ်ခုတည်ဆောက်ခဲ့သည်။

ထိုအရာအကောင်အထည်ဖော်နိုင်ရန်မလွယ်ကူခဲ့ပါ။ သို့သော်နှလုံးသားများနှင့်တွဲလက်များ၏စည်းလုံးစွာပူးပေါင်းဆောင်ရွက်မှုကဖြစ်မြောက်ရန်ဆောင်ရွက်နိုင်ခဲ့ကြသည်။ မိမိရဲ့ကဏ္ဍအသီးသီးမှပါဝင်ကြသော ဂျိုးတာလီမိုတိုဂို၊ပါစတာကာအူဖွန်ဒွန်ဂါ၊ ဗာကာမိုစီယာဇနီးမောင်နှံ၊ဆန်နီဘူလူဇနီးမောင်နှံ၊ဘာရီအီလိုက်ဇာဇနီးမောင်နှံ၊ ဆယ်မီဒူအာဘီဇနီးမောင်နှံ၊ ကလေတန်ကူမာ၊ ဂျုံးကိုရှိအီစိုဗာ၊ ဂျွန်အော်တန်ဟူပင်စသောပုဂ္ဂိုလ်များသည်ဦးဆောင်မှုအားပေးမှုနှင့်သစ္စာရှိစွာပါဝင်လှူဒါန်းခဲ့ကြသည်။

၂၀၀၆ ခုနှစ်တွင် ၁၃ ပတ်အလှူငွေအားဖြင့်ကူညီမှုရခဲ့သည်။ အသင်းတော်မှခေါင်းဆောင်ကြီးများသည်ဤအဆောက်အဦးအတွက်ကူညီရန်ရွေးချယ်ခဲ့၍ကမ္ဘာအနှံ့မှအသင်းသားများထံမှ အလှူငွေများရရှိခဲ့သည်။ ကျွန်မတို့၏ အနာဂတ်များအကောင်အထည်ဖော်နိုင်ခဲ့သည်။ ဆူဗာဂရမ်း ၇လမ်းမှာတည်ဆောက်သောအဆောက်အအုံသည် အလှူငွေဖြင့်လုံလောက်သည်။ ဝတ်ပြုကိုးကွယ်ခြင်းနှင့် အမှုတော်အတွက်အိမ်အသစ်ကိုစတင်တည်ဆောက်ခွင့် ရခဲ့ပါသည်။

ယနေ့တွင်ထိုအဆောက်အအုံသည်ယုံကြည်ခြင်းတိုးတက်ရန်တက်ကြွသော လူစုများစုဝေးရန် နေရာအဖြစ်ရပ်တည်လျက်ရှိသည်။ ဂီတအားဖြင့်အဓိပ္ပါယ်ပြည့်ဝသော၊ ပျော်ရွှင်မှုများကိုသယ်ဆောင်လာပေးသောသံစုံသီချင်းအဖွဲ့အဖြစ် လူအများကျွန်မတို့ကိုသိကြသည်။ဤလူငယ်အဖွဲ့သည်ရပ်ကွက်ထဲသို့ပုံမှန်သွားရောက်

လည်ပတ်၍ ဘုရားသခင်၏မေတ္တာတော်အကြောင်းဝေငှ၍ ဘုရားသခင်၏အစေခံ အဖြစ်ပါဝင်လျှက်ရှိကြသည်။ သတ္တမနေ့အသင်းတော်ကျောင်းသားများအဖွဲ့ဝင်များ သည် ကျောင်းသားများ၏ယုံကြည်ခြင်းတိုးတက်ရန် သင်ကြားရာနေရာအဖြစ်ကြိုး စားစီစဉ်ခဲ့သည်။ အစီအစဉ်များပို၍များပြားလာခဲ့သောအခါ ထိုနေရာလေးနှင့်မလုံ လောက်သောကြောင့်ပစိဖိတ်ဒေသသာသနာပြုအဖွဲ့အဆောက်အအုံတည်ဆောက်ခဲ့ ကြသည်။ လူများစွာသည် ဤနေရာမှစ၍ဘုရားသခင်၏အမှုတော်အတွက်ခေါ်တော် မူသံကိုကြားကြရပါသည်။

ဤအဆောက်အအုံတွင် သင်တန်းတက်၍ ဘဝတစ်လျှောက်အတွက်အ ကောင်းဆုံးမိတ်ဆွေရသွားကြသော စန်ဒရာဒူဆာဘီ ကဲ့သို့သူများလည်းဆော်လမွန် ကျွန်းတွင်ရှိပါသည်။ ဤအဆောက်အအုံမှာသင်တန်းတက်ခွင့်ရချိန်သည်ကျွန်မ၏ဝိ ညာဉ်ရေးအထွဋ်အထိပ်ရောက်ချိန်ဖြစ်ခဲ့သည် ဟု ဝေငှပြောဆိုခဲ့သည်။

ဤအဆောက်အအုံအားဖြင့် ကျောင်းသားလူငယ်များ၏ဝိညာဉ်ရေးခရီးစဉ် ကိုအထောက်အပံ့များစွာရခဲ့သည်။ ယုံကြည်ခြင်းကိုစိတ်ချစွာဝေမျှရန်၊ ကိုယ်တော် ၏အစေခံရန်နှင့်မည်သို့ ဦးဆောင်ရမည်ကိုသင်ကြားပေးသည်။ အသင်းသားအနေ ဖြင့်ပုံသွင်းယူခြင်းမဟုတ်၊ အသင်းတော်၏အနာဂတ်ခေါင်းဆောင်ဖြစ်ရန်နေရာနှင့် တာဝန်ပေးအပ်ခြင်းဖြင့်ပုံသွင်းပေးခြင်းဖြစ်သည်။

ဤအဆောက်အအုံသည်အုတ်၊သဲ၊ကျောက်၊သစ်သားထက်အသက်ရှင် သောယုံကြည်ခြင်း၏သက်သေခံ၊ရက်ရောစွာပေးကမ်းခြင်း စည်းလုံးညီညွတ်မှုဖြစ် စေသောနေရာဖြစ်သည်။ သင်၏ပါဝင်လှူဒါန်းမှုသည် ဘုရားကျောင်းတစ်ဆောင် ထက်ပို၍မိသားစုတစ်ခုတည်ဆောက်ရန်ကူညီပေးခြင်းဖြစ်သည်။

ကျွန်မတို့ကိုမတူကွဲပြားသော စွမ်းရည်များပေးခြင်းဖြင့် ကောင်းပေးခဲ့ပါ သည်။ အမှုတော်အတွက်ထိုစွမ်းရည်များကိုကျေးဇူးတင်ခြင်း၊ကြင်နာခြင်းနှင့်ပြည့် သောနှလုံးသားအပြည့်ဆက်ကပ်ရမည်ဖြစ်ပါသည်။ ယခုအချိန်သည် ဆုံးရှုံး၍ဝမ်းနဲ

မှုများနှင့်ပြည့်နေသည်။ သို့သော် ဘုရားသခင်၏မေတ္တာရှေကြိုးနှင့်လူသားအားလုံးကိုချည်နှောင်တားစည်းစေရန်ပြုပါစေသော်၊ ကျွန်မတို့ဆောင်ယူသွားသောသမ္မာတရားအစစ်ကိုလက်ခံသောသူတစ်ဦးစီအပေါ်၌ ကိုတော်၏အလင်းတော် ထွန်းလင်းပါစေသော်။ အာမင်။

၂၀၀၉ ခုနှစ်တွင်ပစိဖိတ်ဒေသ သာသနာအဆောက်အအုံတစ်ခုဆောက်လုပ်ရန်အလှူငွေအားဖြင့်ပါဝင်ခဲ့ကြသလို၊ ယခုသုံးလပတ်တွင်ဆော်လမွန်ကျွန်းစုများနှင့်ဗာဒူတူကျွန်းရှိကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်ရေးစီမံကိန်းများအတွက်ပါဝင်လှူဒါန်းကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

-၀-

“ဖီဂျီမှရှေ့တန်းသို့”

ဖေဖော်ဝါရီလ ၂၈ ရက်၊ ရေးသားသူ-ဂျော်ဒန်၊ဖီဂျီကျွန်း

ကျွန်တော်လျစ်လျူရှုလို့မရသောခေါ်သံတစ်ခုသည်ကျွန်တော့နှလုံးသားထဲတွင်တောက်လောင်နေခဲ့ရာမှအရာအားလုံးအစပြုခဲ့သည်။၂၀၂၃ ခုနှစ်တွင်ကျွန်တော့်အကြောင်းကိုအင်တာနက်ပေါ်တင်ပြီးဝေမျှခဲ့စဉ်ကျွန်တော့်ဘဝတွင်ကြီးမားသောတစ်ခုခုဖြစ်လာမည်ဟုယုံကြည်ခဲ့သည်။ လအနည်းငယ်အကြာတွင်ကျွန်တော်ဘာသာရေးဘွဲ့နှင့်ကျောင်းပြီးခဲ့၍ဘုရားသခင်စေလွှတ်မည့်အရပ်သို့သွားရန် စိတ်ဆန္ဒပြင်းပြစွာစောင့်မျှော်နေခဲ့သည်။

တွန်ဂါသာသနာနယ်တွင်ကျောင်း၏တရားဟောဆရာအဖြစ်ပထမဆုံးအလုပ်လျှောက်ခဲ့သည်။ ၂ပတ်အကြာတွင်အလုပ်ဝင်ရန်ခေါ်စာရောက်လာ၍အထုပ်အပိုးများပြင်ဆင်၍ယုံကြည်စိတ်ချမှုအပြည့်နှင့်ဆုတောင်းကာ စိတ်လှုပ်ရှားလျက်ရှိသည်။ ကျွန်တော်၏သာသနာပြုရန်ပထမဆုံးတရားဝင်အလုပ်မဟုတ်ပါလား။ ထိုအ

ခွင့်အရေးတံခါးသည်အလျင်အမြန်ပွင့်၍၊ လျင်မြန်စွာပြန်ပိတ်သွားပါသည်။ သာသနာနယ်၏ပြန်လည်စဉ်းစားမှုအရ ထိုနေရာ၌အလုပ်မလိုသေးဟု ဆုံးဖြတ်ခဲ့သည်။

တခြားသာသနာနယ်တွင်အလုပ်ထပ်၍ လျှောက်ခဲ့ပါသော်လည်းအလုပ်မဖြစ်ခဲ့ပါ။ကျွန်တော်အားလျော့ခဲ့၍အမေ့ခံကဲ့သို့ခံစားခဲ့ရပါသည်။သို့သော်တိတ်ဆိတ်သောပညာစကားတစ်ခွန်းသည်အရာရာကိုပြောင်းလဲပစ်လိုက်သည်။ကျွန်တော့်ဆရာဒေါက်တာတဘူးတူမာသည်ကျွန်တော့်မျက်စိထဲသို့စိုက်ကြည့်ကာ"မင်းရဲ့သာသနာပြုလုပ်ငန်းကိုဖီဂျီမှာအရင်စတင်လိုက်ပါ"ဟုပြောလိုက်သောစကားလုံးများသည်ကျွန်တော့်နှလုံးသားထဲတွင်စွဲမြဲခဲ့သည်။

မကြာမီတွင်ဖီဂျီသာသနာနယ်၏အတွင်းအရေးမှူးနှင့်အတူလမ်းကူးရာတွင်တွေ့ဆုံခဲ့သည်။ တိုင်းဌာန၏ရုံးတွင်လာရောက်လုပ်ကိုင်ရန် အားပေးစကားပြောခဲ့ပါသည်။ ကျွန်တော်နှိမ့်ချစွာနှင့်လက်ခံ၍ဖီဂျီကျွန်း၊ဖီဂျီအမျိုးသားချင်းများထံတွင်အမှုဆောင်ရန်ဆက်သွယ်ရေးနှင့်သတင်းပြန်ကြားရေးဌာန၌လုပ်ငန်းစတင်ခဲ့သည်။

၂၀၁၄မတ်လတွင်ကျွန်တော်မမျှော်လင့်သောအရာကိုဘုရားသခင်ဖွင့်ပြပေးခဲ့သည်။ ဖီဂျီ၏အပြင်ဖက်တိုင်းတစ်ပါး၌ မြို့ပေါ် ရှိ အသင်းတော်သုံးပါးကိုကြည့်ရန်စေလွှတ်ခြင်းခံရသည်။ ကျွန်တော့်မှာရာထူး၊လစာများမရှိပါ။ ဘုရားသခင်၏ခေါ်ခြင်းကိုအမှုတော်တစ်ခုအတွက်ဆန္ဒတစ်ခုနှင့်ကျွန်တော်လက်ခံခဲ့သည်။

ပထမနေ့မှစ၍ကျွန်တော်ဘာသာစကားတည်းဟူသောအလွန်မတ်ဆောက်သောစိန်ခေါ်မှုကိုကျော်ဖြတ်နိုင်ရန် အပြင်းအထန်ကြိုးစားခဲ့ရသည်။ ကျွန်တော့် ဖီဂျီကျွန်းသားများနှင့်ပိုဆက်ဆံရေးကောင်းမွန်စေရန်ဖီဂျီကျွန်းသားများသုံးသောဘာသာစကားကိုအလျင်အမြန်သင်ယူခဲ့ရသည်။ ထိုစကားနှင့်ဆုတောင်းရန်၊တရားဟောရန်စသဖြင့်အသုံးပြုနိုင်ရန်ဖြစ်သည်။ တစ်နေ့ အသင်းလူကြီး၏ဇနီးသည်ကျွန်တော့်ကိုတောင်းပန်စကားပြောလာသည်။"တချို့ကျွန်းသားများဟာအင်္ဂလိပ်လိုနားမလည်တဲ့အတွက်ဆရာကိုမကြိုက်ကြပါဘူး။ တရားဟောဆရာအသက်ငယ်လို့လည်း မ

ကြိုက်ကြပါဘူး”လို့သူမကပြောပြပါသည်။ ကျွန်တော့်အသက်က ၂၂ နှစ်သာရှိသေးသည်။

ထိုစကားများသည် ကျွန်တော့်ရင်ကိုကွဲစေသော်လည်းသူတို့ မြင်သည့်အတိုင်းမဖြစ်စေရန်ကျွန်တော်မဆုပ်မနစ်ကြိုးစား၍ဘုရားသခင်ထံဆုတောင်း၍ခွန်အားတောင်းခံပါသည်။

ကျွန်တော်၏အချိန်ဇယားသည်အကြိတ်အနယ်ကြိုးစားရ၍ဥပုသ်နေ့သည်ကျွန်တော်မာရသွန်ပြေးရသကဲ့သို့ ဖြစ်သည်။ ဥပုသ်စာဖြေသင်တန်းကိုအသင်းတော်တစ်ပါးတွင်ဦးဆောင်တရားဟောအစည်းအဝေးကိုတခြားအသင်းတော်တွင်ဦးဆောင်၍၊လူငယ်ကြိုးစားခြင်းအစီအစဉ်ကိုနောက်အသင်းတော်တစ်ခုတွင်ကျင်းပရသည်။တပတ်တာတွင်ဆုတောင်းစည်းဝေးလူငယ်အစီအစဉ်၊အဖွဲ့ငယ်လုပ်ဆောင်မှုများနှင့်သာပြည့်နေသည်။ထိုသို့အလုပ်များသည့်ကြားမှပင်လှုပမှုများတွေ့မြင်ခံစားခဲ့ရသည်။ ကျွန်တော့်ရဲ့အသင်းသားများကိုနားလည်လာသည်။ သူတို့ပြောသောဘာသာစကားကိုကျွန်တော်နားလည်လာသည်။ သူတို့၏ကျွန်တော့်အပေါ် စိတ်ချမှုသည်ကျွန်တော့်အတွက်ဆုလာဒ်ဖြစ်ခဲ့သည်။

မေလထဲတွင်စာမျက်နှာအသစ်ဖွင့်လှစ်ခဲ့သည်။ ဖီဂျီသာသနာနယ်၏ ”ကမ်းရိုးတန်း၏နံ့နက်စာ” အစီအစဉ်ကိုမျှော်လင့်ခြင်းရေဒီယိုတွင်တင်ဆက်သူအဖြစ်ဖိတ်ခေါ် ခြင်းခံခဲ့ရသည်။ အစတွင်ဘာသာစကာအားခက်အခဲစက်ကိရိယာတန်ဆာပလာနှင့်အကျွမ်းမဝင်မှုများနှင့်ညနက်အထိပင်ပန်းစွာလုပ်ဆောင်ရသောကြောင့်အဆင်မပြေမှုများစွာတွေ့ကြုံခဲ့ရသည်။ ဖုန်းထဲမှစာနှင့်အီးမေးမှတဆင့်ဝေဖန်ရေးသားသောစာများရရှိခဲ့သည်။ ကျွန်တော်စိတ်မပျက်ခဲ့ပါ။ ကျွန်တော်လေ့လာသင်ယူ၍ပြန်လည်နားဆင်ကြည့်သည်။ တိုးတက်လာသည်။ ဖြည်းဖြည်းချင်းကျွန်တော့်အသံသည် အသားကျလာ၍ဖီဂျီသာမကကမ္ဘာကိုဖြတ်သန်းသွားခဲ့သည်။

လေလှိုင်းထဲတွင်ကျွန်တော့်သက်သေခံချက်များကိုဝေမျှခဲ့သည်။အသင်းတော်၏အခြေခံယုံကြည်ချက်များကိုပြောပြသည်။သမ္မာကျမ်းစာကိုဖွင့်ပြသည်။နားထောင်သူများအတွက်အားပေးစကားများကိုပြောလေ့ရှိသည်။လက်တွေ့ဘဝ၌အခက်အခဲများနှင့်ရင်ဆိုင်ရုန်းကန်နေရသည်။

ကျွတော့်တွင်ဝင်ငွေမရှိသဖြင့်သူတစ်ပါးအားကူညီရန်ခက်ခဲလှသည်။ကျောင်းတက်နေသော၆နှစ်အရွယ်ညီမငယ်ကိုကျောင်းစရိတ်ထောက်ပံ့ရသကဲ့သို့ကျောင်းထွက်၍အလုပ်လုပ်နေရသောဝမ်းကွဲညီကိုလည်းငွေကြေးကူညီရသည်။ကျောင်းနှစ်တစ်နှစ်နှင့်ငါးလစာလုံလောက်စွာကျောင်းလခပေးမည်ဟုကတိပေးထားသောကြောင့်ဘုရားသခင်ပြင်ဆင်ပေးမည်ဟုစိတ်ချထားပါသည်။ ခက်ခဲသော်လည်းမငတ်ခဲ့ပါ။ ကျွန်တော့်ရဲ့အသင်းလူကြီးက အမြဲအားပေးစကားပြော၍ တစ်ခါတစ်ရံသေးငယ်သောကူညီမစမှုလည်း ပေးပါသည်။ သူ၏တိတ်ဆိတ်စွာ ပေးကမ်းခြင်းကိုကျွန်တော်အမြဲတမ်းအမှတ်ရနေပါသည်။

တစ်နေ့သောတနင်္လာနေ့တွင်အသင်းလူကြီး၏အိမ်တွင်အလုပ်များကိုသွားရောက်ကူလုပ်နေ၍စိတ်နှိမ့်ချတတ်ရန်ကျွန်တော်ဆုတောင်းမိသည်။ကိုယ်တော်၏လက်တော်နှင့်စောင့်မ၍ စောင့်ကြည့်တော်မူသောအကြည့်အားဖြင့် ကျွန်တော့်ကိုသွန်သင်ပေးခဲ့သည်။

သင်္ကေတအချက်ပြနည်းနဲ့စကားပြောရသောသင်တန်းသို့တက်ရောက်ရန်စာရင်းသွင်းခဲ့သည်။ တစ်ပတ်တွင်၂ချိန်ဖြစ်၍၆လတက်ရောက်သင်ကြားခဲ့ရသည်။နိုဝင်ဘာလ ၂၀၂၄တွင်သင်တန်းလက်မှတ်ရခဲ့သည်။ထိုလတွင်ပင်ကျွန်တော့်ညီမနှင့်ဝမ်းကွဲကိုကျောင်းလခများလဲပေးနိုင်ခဲ့သည်။ အံ့ဖွယ်ရာအမှန်ဖြစ်လာသည်။

ယနေ့တွင်ကျွန်တော်သည်အင်ဒိုနီးရှားနိုင်ငံအရှေ့ဂျာဗားကျွန်းတွင်အင်္ဂလိပ်စာဆရာအဖြစ်အမှုတော်တွင်ပါဝင်လျက်ရှိသည်။ လူငယ်များကိုခရစ်တော်နှင့်တူရန်သွန်သင်ပေးခဲ့သည်။ ကျွန်တော့်အိမ်နှင့်ဝေးကွာသောနေရာ၌နေရသော်လည်း၊ခရစ်

တော်ကိုပွင့်လင်းစွာလက်ခံခြင်းမရှိသောနေရာတွင်ခရစ်တော်အကြောင်းပြောပြရသော်လည်းအမှုတော်ပြီးမြောက်ရန်ပါဝင်ခွင့်ရနေသေးသည်။

ကျွန်တော်ရှုန်းကန်ရသည်။ ဘုရားကျောင်းမရှိသောနေရာဖြစ်၍ကျွန်တော်တစ်ဦးတည်းသာရှိသည်ဟုခံစားရသည်။နေ့စဉ်စိတ်ထဲတွင်ဤအရာသည်ကျွန်တော်၏အမှုတော်ဆောင်ရန်နေရာဖြစ်သည်။ ကျွန်တော်အမှုတော်တွင်ပါဝင်လျက်ရှိသည်ဟုနေ့စဉ်မိမိကိုယ်ကိုပြောလျက်ရှိသည်။ ကျွန်တော့်တွင်ခရစ်တော်တည်းဟူသောသူငယ်ချင်းကောင်းရှိသည်။

"ကျွန်ုပ်သွားပါမည်" အစီအစဉ်တွင်တစိတ်တပိုင်းပါဝင်ရသည့်အတွက်ကျွန်တော်ဂုဏ်ယူပါသည်။

ကျွန်တော့်မိသားစုအတွက် "ကျွန်ုပ်သွားပါမည်"။ ကျွန်တော့်အမေဆေးစွဲခြင်းမှလွတ်မြောက်ရန်ကျွန်တော်၏ဆုတောင်းသံကိုဘုရားသခင်နားညောင်းသည်။

ကျွန်တော့်အိမ်နီးချင်းအတွက်"ကျွန်ုပ်သွားပါမည်"ကျွန်တော့်ဝမ်းကွဲကျောင်းပြန်တက်နိုင်ရန်ကူညီခဲ့သည်။

ကျွန်တော့်အလုပ်အတွက် "ကျွန်ုပ်သွားပါမည်" ကျွန်တော်အလုပ်အမှုတော်ဆောင်ရန်ကျွန်တော့်အသံအားဖြင့်လေလှိုင်းနှင့်မီဒီယာတွင်ဆက်ကပ်ခဲ့သည်။

ကျွန်တော်ကမ္ဘာဆုံးတိုင်သွားပါမည်ဘုရားသခင်၏နာမတော်ကိုလွတ်လပ်စွာခေါ်ဆိုခွင့်မရှိသောနေရာ၌ အမှုထမ်းဆောင်လျက်ရှိသည်။ သို့သော်ခရစ်တော်အားဖြင့်ရဲရင့်စွာ အသက်ရှင်နေထိုင်လျက်ရှိသည်။ ကျွန်တော့်ရဲ့ ဆက်ကပ်မှုအမှုတော်တွင်ပါဝင်မှုများနှင့်ယုံကြည်ခြင်းခရီးစဉ်၏ခြေလှမ်းတိုင်းတွင်ဘုရားသခင်ကူညီမစခဲ့ပါသည်။

တောင်ပစိဖိတ်သာသနာနယ်တွင်ထုတ်လွှင့်လျက်ရှိသောရုပ်သံလွှင့်ခြင်းနှင့်လေလှိုင်းမှတဆင့်အမှုဆောင်ခြင်းကိုလွန်ခဲ့သောနှစ်အနည်းငယ်၌၁၃ပတ်အလှူငွေအားဖြင့်ကူညီပေးခဲ့သောကြောင့်ကျေးဇူးတင်ပါသည်။ ယခု၁၃ ပတ်အလှူငွေသည်

ဆောလမွန်ကျွန်းနှင့်ဗာနူတူတွင်ကလေးသူငယ်များ၏ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အတွက်အသုံးပြုမည်ဖြစ်သောကြောင့်ပေးလှူမည့်သူတစ်ဦးချင်းစီကို ကျေးဇူးအထူးတင်ပါသည်။

-၀-

“မျှော်လင့်ခြင်းရှိသည်”

မတ်လ ၇ ရက်၊ ရေးသားသူ-မယ်ရယ်စဲနီ၊ဖီဂျီကျွန်း

ဆူဗာကျွန်း၊ဖီဂျီကျွန်း၏ အချက်အခြာ၌ရှိသော မျှော်လင့်ခြင်းတည်းဟူသောဆေးပေးခန်းလေးသည်ခန္ဓာ၊စိတ်၊ဝိညာဉ်သက်သာခြင်းပေးသောနေရာလေးအဖြစ်ရပ်တည်လျက်ရှိသည်။ ၁၃ ပတ်အလှူငွေအားဖြင့် စတင်အမှုဆောင်ခဲ့သော၎ ဆေးခန်းသည်ခန္ဓာကို ကုသပေးရုံသာမက အသက်တာတွင်ဘုရားသခင်နှင့်တွေ့ရန်ပြင်ဆင်ပေးသောနေရာလေး ဖြစ်သည်။ ခန္ဓာကျိုးပဲ့၍ စိတ်နှလုံးကြေကွဲသူများအတွက်ကုသမှုရယူ၍ပြန်လည်ကျန်းမာပကတိရသောနေရာလေးဖြစ်သည်။ မယ်ရယ်စဲနီသည် ၅၃ နှစ်အရွယ်ရှိ၍ထိုသို့ ပြန်လည်ကောင်းမွန်လာသူဖြစ်သည်။

သူမသည်နှစ်ပေါင်းများစွာသွေးတိုးရောဂါနှင့်တိုက်ခိုက်နေရသည်။ဆရာဝန်နှင့်သေချာကုသ၍ဆရာဝန်ညွှန်ကြားသည့်အတိုင်းသေချာစွာလိုက်နာ၍ဆေးဝါးများကိုလည်းဂရုစိုက်၍သောက်သုံးခဲ့သည်။ သို့သော်ကျန်းမာရေးတိုးတက်လာမှုမရှိပါ။ ပင်ပန်းနွမ်းလျမှု၌သာ သံသရာလည်နေသည်။ အားအင်ကုန်ခမ်း၍ စိတ်မောလူမော ဖြစ်လာသည်။

“နာကျင်မှုခံစားနေရဆဲ၊အာနိသင်မပြပါဘူး” လို့ပြန်ပြောပြပါသည်။တစ်နေ့တွင်မျှော်လင့်ခြင်းဆေးခန်းသို့ကားမောင်းသွား၍အသက်တာပြောင်းလဲမည်ဟုခံစားချက်နှင့်အတွင်းသို့လျှောက်ဝင်သွားခဲ့သည်။ “ဘာကိုလိုချင်မှန်းမသိသော်လည်း၊ယခုထက်ပို၍သက်သာမှုကိုသာလိုချင်ခဲ့သည်” ဟု မယ်ရယ်ကပြောပြပါသည်။

ဆေးခန်းအတွင်း၌သူနာပြုသည်ဆေးကုသရန်စမ်းသပ်မှုများမပြုလုပ်မီ ကျမပြောပြသောအရာများကိုနားထောင်ပေးခြင်း၊အားပေးစကားပြောခြင်းနှင့်ကျန်းမာရေးနှင့်ဆိုင်သောပညာပေးအကြောင်းအရာများကိုပြောဆိုပေးသည်။ ထိုသူများတွင်ဒေါက်တာအာကုလမှ တည်ငြိမ်စွာအားပေးစကားများ ကျမအတွက် ပြောပါသည်။ မယ်ရယ်၏ကိုယ်ခန္ဓာမှရောဂါကိုကုသပျောက်ကင်းရန်သဘာဝနှင့် ရိုးရှင်းသောလူမှုဘဝသည်မည်သို့အထောက်အကူပြုသည်ကိုရှင်းပြပါသည်။

"အငန်၊အသား၊ပြုပြင်ထားတဲ့အစာ" မစားရန်သိမ်မွေ့စွာပြောပြသည်။မြေမှပေါက်သောအပင်များကိုစားခြင်းသည်သင်၏ကိုယ်ခန္ဓာနေပြန်ကောင်းရန်လုပ်ဆောင်နိုင်သည်။ သို့သော်သင်၏အကူအညီရရန်လိုသည်ဟု ထပ်၍ရှင်းပြပြသည်။

မယ်ရယ်ခေါင်းညိတ်ပြ၍မှတ်သားထားသည်။နားဝင်မချိုသော်လည်းစိတ်ထဲ၌တစ်ခုခုခံစားရသည်။ မျှော်လင့်ချက်လှမ်းမြင်နေရသည်။

စိတ်ဆုံးဖြတ်ချက်ချ၍ကြိုးစားမည်။အိမ်ရောက်လျှင်မီးဖိုဆောင်မှကြောင်အိမ်ကိုရှင်းလိုက်သည်။အငန်၊အသား၊အချိုမှုန့်များကိုဖယ်လိုက်သည်။ထိုအရာများအစားကန်စွန်းဥ၊ ဟင်းသီးဟင်းရွက်နှင့် သဘာဝပေါက်ပင်များနှင့် အစားထိုးလိုက်ပါသည်။

စိန်ခေါ်ချက်အစစ်အမှန်မှာ သံပရိုသီး၊ရေစိန်၍ ၁၀ရက်ရေများများသောက်ခြင်းဖြစ်သည်။ အစတွင်ဝန်လေးမိသည်။ သို့သော်စိတ်ပိုင်းဖြတ်၍"ငါ့အတွက်ငါလုပ်ရမည်" လို့ မယ်ရယ် ကြွေးကြော်ခဲ့သည်။

စောဒကတက်ခြင်းမရှိထိုစိန်ခေါ်ချက်ကိုစတင်အကောင်အထည်ဖော်လိုက်သည်။ ထမင်းစားချိန်တိုင်းသူမ၏ကလေးများနှင့်အတူထမင်းမစားဘဲအိပ်ခန်းထဲသို့ဝင်၍ရှောင်နေလိုက်သည်။ "မိသားစုအတွက်ပုံမှန်အစာများ ပြင်ဆင်ပေးစဉ်မှာပင်"

ဘုရားသခင်ကိုဆုတောင်းမိသောအရာမှာ“ကိုယ်တော်ကျမကိုအစားအသောက်၌မကျ ရှုံးရန်မစပါ” ဖြစ်သည်။

ရက်ကြာလာသော်သားသမီးများမှသတိပြုမိလာသည်။ “အမေပိန်သွားသလိုဘဲ၊အစာစားဖို့လိုမယ်နော်” ဟုစိုးရိမ်စိတ်နှင့်ကလေးတစ်ဦးမှပြောလသည်။”စားရမှာပေ့ါ” “အခုတော့မသားသေးဘူးနောက်မှ” လို့အေးဆေးပြန်ဖြေခဲ့ပါသည်။လအနည်းငယ်အကြာတွင်ပို၍သန်မာလာသည်ဟုခံစားလာရသဖြင့်ထိုသို့ဆက်လက်လုပ်ဆောင်ခဲ့သည်။ “ကျမ အစာ မဆာလောင်ဘူး” လို့ အမှတ်ရစရာပြောခဲ့ပါသည်။

“အားမနည်းလို့အိမ်သန့်ရှင်းရေးများလုပ်ဆောင်နိုင်ပါသည်” လမ်းလျှောက်လျက်၊ဆုတောင်းလျက်ဘုရားသခင်သူမကိုပွေ့ချီထားသကဲ့သို့ခံစားရသည်။တစ်နေ့လုံးအစာရှောင်၍အစာစားမည့်အချိန်ထိအဆာခံနိုင်သည်။ “ဒီတစ်ကြိမ်တော့ကွဲပြားပါတည်၊ ကျမမှာရည်ရွယ်ချက်ရှိနေပါပြီ” ဟုရယ်မောကာ မယ်ရယ်ပြန်ပြောခဲ့သည်။

အစာရှောင်ခြင်း၏နောက်ဆုံးနေ့တွင်မျှော်လင့်ခြင်းဆေးခန်းသို့မယ်ရယ်ပြန်လာခဲ့သည်။ သူနာပြုမှအံ့သြစွာ ကြည့်နေခဲ့သည်။ ကျန်းမာရေးစစ်ရန် ဖြစ်သည်။ ကိုယ်အလေးချိန်၊နှလုံးခုန်နှုန်း၊သွေးပေါင်ချိန်စသည်များကိုတစ်ခုခြင်းစစ်သောအခါအဖြေများသည်ပုံမှန်ပင်ဖြစ်နေသည်။ ”ကျမ အစာရှောင်နေတုန်း၊ ဘာဆေးမှမသောက်ခဲ့ဘူး၊ အခုထိတိုင်ဘာဆေးမှမလိုသေးပါဘူး” လို့ မယ်ရယ် ပြောခဲ့သည်။

မယ်ရယ်စဲနီသည် ဆေးသောက်ရန်မလိုတော့ပါ။ သူမရွေးချယ်သောစားသောက်မှုပုံစံတည်းဟူသောအငန်၊အသားနှင့် ပြုပြင်ထားသော အစားအစာများကိုရှောင်၍ဟင်းသီးဟင်းရွက်နှင့်သစ်ဥသစ်ဖုများစားခြင်းသည် သူမ၏အသက်တာအစိတ်အပိုင်းများကိုထိရောက်စွာပြောင်းလဲသွားစေခဲ့သည်။

“ကျမ၊ ဘုရားကျောင်းသို့တဖန်သွားနိုင်သည်””မြေများကိုကျောင်းကြိုနိုင်သည်””မမောပန်းဘဲလမ်းလျှောက်နိုင်ပြီ” ဟုပြောကာ “ကျမ၊ တဖန်အသက်ရှင်ပြီ”

ဟုထပ်၍ပြောပြပါသည်။ သူမရောဂါကို ကုသပျောက်ကင်းကြောင်း၊ သူမရရှိသော သင်ခန်းစာကိုယုံကြည်မှုအပြည့်နှင့်ပြန်ပြောပြခဲ့ပါသည်။

"ကျမတို့စားမယ့်အစားအသောက်ကိုပညာရှိစွာရွေးချယ်ရမည်"။"ဘုရားသခင်သည်ကျမတို့ကိုကုသနိုင်သောအစာကိုသာပေးသည်။ အန္တရာယ်ပြုမည့်အစာကို မပေးပါ။ ဘာလုပ်ပါလို့မပြောလိုပါ။ ကျမကိုယ်တိုင်အသက်ရှင်ကြည့်တဲ့အခါ၊ဘုရားသခင်ကိုကိုးစားခြင်းနှင့် ကိုယ်ခန္ဓာကိုဂရုစိုက်တဲ့အခါရရှိတဲ့ကျေးဇူးကို ကျမကိုယ်တိုင်ထင်မြင်ရပါတယ်" လို့ မယ်ရယ် ပြောပြခဲ့ပါသည်။

မျှော်လင့်ခြင်းဆေးကုခန်းမှမယ်ရယ်ကိုသတင်းအချက်ပေးလိုက်ပါသည်။ သူမကိုဘဝအသစ်နှင့်အသက်ရှင်နေထိုင်နည်းပေးလိုက်ပါသည်။ နေ့စဉ်အသက်တာတွင်ဂုဏ်ယူစွာလျှောက်လှမ်းနိုင်ပါပြီ။ သူမ၏အတွေ့အကြုံအားဖြင့်ကျွန်ုပ်တို့ဘုရားသခင်၏စကားကိုနားထောင်ရန်ယုံကြည်ရန်၊ အသက်တာပြောင်းလဲရန် ဆန္ဒရှိစွာစတင်လျှောက်လှမ်းသောအခါ မှန်ကန်သောကုသမှုရရှိသည်ကိုအမှတ်ရစေသည်။

"စစ်မှန်သောမျှော်လင့်ခြင်း" ကို ထိုဆေးခန်း၏တံခါးကိုဖွင့်၍ ဝင်သွားချိန်၌ကျမတွေ့ခဲ့ရသည်" ဟု ပြောပြခဲ့ပါသည်။

မျှော်လင့်ခြင်းဆေးကုခန်းကို ၂၀၁၆ ဒုတိယကွာတာ၏ အလှူငွေနှင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခု ကွာတာတွင်ဆောလမုန်ကျွန်းနှင့် မာနူတူကျွန်းရှိ ကလေးငယ်များကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက် အသုံးပြုမည်ဖြစ်သောကြောင့်ပါဝင်သောသူတစ်ဦးစီတိုင်းကိုကျေးဇူးတင်ပါသည်။

-ဝ-

"တောအရပ်သို့သတင်းစကားသယ်ဆောင်ခြင်း"

မတ်လ ၁၄ ရက်၊ ရေးသားသူ-အန်ဒရူး၊ ပါပူဝါနယူးဂီနီ

ပါပူဝါနယူးဂီနီ၏အချက်အချာစိမ်းလန်းစိုပြေ၍ ကတ္တီပါမြက်ခင်းစိမ်းခင်းထားသကဲ့သို့သာယာသောနေရာတွင်နေထိုင်သောအင်ဒရူးသည် ဘုရားသခင်၏ခေါ်သံကိုကြား၍အသက်တာပြောင်းလဲခဲ့သည်။

ခရစ်ယာန်မိသားစုမှမွေးဖွားလာ၍ဘုရားသခင်၏မေတ္တာနှင့်ပြည့်ဝသောကျမ်းစာပုံပြင်များနှင့်ကြီးပြင်းလာခဲ့ရသည်။ တရားဟောဆရာ တွန်ကာရာဝါ သည်

အင်ဒရူးနေထိုင်သောတောရွာသို့ရောက်လာချိန်၌အရာရာပြောင်းလဲခဲ့သည်။ သခင်ယေရှုပြန်ကြွလာမည့်အကြောင်းကိုစိတ်ဝင်စားဖွယ်ဟောပြောခြင်းအားဖြင့်အင်ဒရူး၏သိလိုစိတ်ကိုနှိုးဆွပေးခဲ့သည်။ ဥပုသ်နေ့အကြောင်းကိုကြားသိခဲ့ရပြီးနောက်တွင်တရားပွဲသို့နေ့စဉ်သွားတက်ရောက်ခဲ့သည်။ သာမန်လူသားများကိုကိုယ်တော်၏အမှုတော်ဆောင်အဖြစ်ခေါ်ယူတော်မူသော ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်အကြောင်းပို၍နားလည်လိုသော ဆန္ဒများဖြစ်ပေါ်လာသည်။

ခဏကြာသော်သတ္တမနေ့အသင်းတော်၏လူမှုကူညီရေးအဖွဲ့တွင်အင်ဒရူးပါဝင်ခဲ့သည်။ ၂နှစ်အတွင်းကျမ်းစာကိုစိတ်ပါဝင်စားစွာသင်ယူခဲ့သည်။ စိတ်ထဲတွင်ယုံကြည်သူတစ်ဦးအနေနှင့်သာမကဘုရားသခင်၏အစေခံတစ်ဦးကဲ့သို့ ဒေသနာတော်ဟောပြောသွန်သင်ခြင်း၊ လူအများကိုဦးဆောင်လမ်းပြခြင်းများလုပ်ဆောင်လိုလာပါသည်။

ဘုရားသခင်သူ့အတွက်တံခါးများဖွင့်ပေးပါသည်။ နယ်စီးဆရာမှအင်ဒရူး၏စိတ်အားထက်သန်မှုကိုမြင်၍သာမန်အသင်းသားသင်တန်းသို့အင်ဒရူးကိုစေလွှတ်ခဲ့သည်။ အင်ဒရူးသာလက်ခံလျှင် သူနေထိုင်သောနယ်အတွင်း၌ စေတနာ့ ဝန်ထမ်းတရားဟောဆရာအဖြစ်လုပ်ကိုင်နိုင်လိမ့်မည်။

အင်ဒရူးသည်လက်ခံ၍အသက်တာတွင်းစိန်ခေါ်မှုများ၊ယုံကြည်ခြင်းနှင့်အံ့ဖွယ်အရာများကိုတွေ့ကြုံရန်သဘောတူခဲ့သည်။ အင်ဒရူးသည်ကျေးလက်တောရွာ

သို့အမှုဆောင်ရန် စေလွှတ်ခြင်းခံရသည်။ အချို့ရွာများသည် သုံးရက်ခြေလျင်လျှောက်ရသည်။မြစ်များကိုဖြတ်၍တောထဲ၌အိပ်မှသာလျှင်ရောက်နိုင်သောနေရာများပါဝင်သည်။ သခင်၏မေတ္တာကိုဝေငှနိုင်ရန် အင်ဒရူး သွားခဲ့ပါသည်။

ရုပ်ပိုင်းဆိုင်ရာထိုးနှက်ချက်များသာမကစိတ်ပိုင်းဆိုင်ရာစုံစမ်းခြင်းများလည်းခံစားရသည်။"အချို့ရွာသားများသည်အင်ဒရူး၏စကားကိုလက်ခံသော်လည်းအချို့မှာငြင်းပယ်ကြသည်။ သူစိတ်ဓါတ်ကျခြင်းမရှိ၊အရှုံးလည်းမပေးခဲ့ပါ။

အမှုတော်ဆောင်ရာတွင် အကောင်းအဆိုး ဒွန်တွဲနေသည်။ အချို့ဒေသ၌သူ့အားကြမ်းတမ်းသောစကားများနှင့်ကြိမ်းမောင်းကာခြိမ်းခြောက်မှုများရှိသော်လည်းသူ၏သတင်းစကားကြောင့်အသက်တာပြောင်းလဲသွားသောလူများကြောင့် အင်ဒရူးစိတ်သက်သာရာရခဲ့သည်။ ခက်ခဲသောအရပ်ဒေသ၌ ဖျားနာသူများ၊ ယေရှုရှင်ကိုလက်ခံသူများနှင့်သမ္မာတရားကိုစိတ်ထဲစွဲသွားရန်မျိုးစေ့ချနိုင်ခဲ့သည်။

ကျေးလက်တောရွာတွင်အမှုတော်ထမ်းဆောင်ခြင်းသည်သိပ်မခက်ခဲ့သော်လည်း၊ရံဖန်ရံခါတွင်နှလုံးကြေကွဲရသည်။ တစ်ခါတစ်ရံတွင်အင်ဒရူးနှင့်ဇနီးသည်မှာအစာမရှိ၊အကူအညီမရှိ၊ပိုက်ဆံမရှိဘဲတစ်ပတ်လုံးတွင် ထမင်းတနပ်မျှသာစားရချိန်များပင်ရှိခဲ့သည်။ ထိုသို့သောအချိန်တွင် ခွန်အားယူစရာတစ်ခုတည်းသော နည်းလမ်းသည်ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်၍ ဂုဏ်တော်ချီးမွမ်းသီဆိုခြင်းပင်ဖြစ်သည်။

ထိုသို့သီချင်းဆိုစဉ်ဧည့်သည်တစ်ယောက်ရောက်လာသည်။ "ကျွန်တော်တို့အပြင်ဘက်ကိုထွက်ကြည့်ကြပါအုံး"လို့ပြောတဲ့အခါအစားအစာမတွေ့ရသော်လည်းပိုက်ဆံများကိုတွေ့ရပါသည်။ ဘုရားရှင်ပြင်ဆင်ပေးခဲ့သည်။ ထိုအခိုက်အတန့်သည်အင်ဒရူး၏ယုံကြည်ခြင်းကို ခိုင်ခံ့စေခဲ့သည်။

၂၀၁၂ ခုဉ်အခြားအခွင့်အရေးတစ်ခုဘုရားရှင်ပြင်ဆင်ပေးခဲ့သည်။ အိုမာအူရာသတ္တမနေ့အသင်းတော်ကျောင်း၌ ပညာသင်ခွင့်ရရန်ကျွန်တော့်ကိုထောက်ပံ့ပေးခဲ့သော သတ္တမနေ့အသင်းသား လေယာဉ်မှူးကိုလည်း ကျေးဇူးတင်ပါသည်။ ထို

ကျောင်းကလေးသည်ငယ်သော်လည်းအင်ဒရူး၏အမှုဆောင်ဖြစ်လိုသောရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးခဲ့သည်။ တစ်နှစ်ခန့် ကျမ်းစာကိုမည်သို့ဝေငှရမည်ကို စနစ်တကျသင်ယူ၍လက်တွေ့လုပ်ဆောင်မှုများပြီးဆုံးချိန်၌အသင်းသား၂၀၀ ခန့်ရှိသောအသင်းတော်ကိုကြည့်ရန်တာဝန်ပေးခြင်းခံရသည်။ တစ်နှစ်အတွင်း၌အင်ဒရူး၏ကြိုးစားအားထုတ်မှုကြောင့် လူပေါင်း ၁၂၀ နှစ်ခြင်းခံ၍ဘုရားကျောင်းအသစ်တစ်လုံးဆောက်လုပ်နိုင်ခဲ့သည်။

အင်ဒရူး၏မမေ့နိုင်သောအဖြစ်အပျက်မှာကမ္ဘာ့ဌာနချုပ်ခေါင်းဆောင်ဆရာကြီးတက်ဝေလ်စင်ဦးဆောင်၍နိုင်ငံအလိုက်တက်ရောက်သောသာသနာပြုအမှုဆောင်အားသစ်လောင်းပွဲ၌ဝိညာဉ်ပေါင်း ၈၇၄ ဦးသောအသင်းသားအသစ်များကိုဘုရားသခင်၏ မိသားစုအတွင်းသို့ ခေါ်ဆောင်လာခဲ့နိုင်သည်။ ကျေးလက်၌နှိမ့်ချစွာအမှုတော်ဆောင်ခဲ့သောအင်ဒရူး၏မမေ့နိုင်သောအဖြစ်အပျက်လေးဖြစ်သည်။

ဤသို့အသက်တာပြောင်းလဲခြင်းသည်အင်၍ရူး၏ဘုရားသခင်ခေါ်သံကိုကြား၍လက်ခံခဲ့သောကြောင့်ဖြစ်သည်။ လအနည်းငယ်အကြာ၌ဝိညာဉ်ရေးခေါင်းဆောင်ဖြစ်လာရန်ဘုရားသခင်ပြင်ဆင်ပေးခဲ့သည်။ ပါပူဝါနယူးဂီနီသတ္တမနေ့အသင်းတော်မှထောက်ပံ့၍အင်ဒရူးကိုသာသနာပြုခြင်းနှင့်ဆိုင်သောဘာသာရပ်ကိုပြန်လည်သင်ကြားပေးရန်အိုမာအူရာအသင်းတော်ကျောင်းသို့ စေလွှတ်ခြင်းခံရပါသည်။

ကျေးလက်တောရွာ၌ဖြစ်စေ၊မြို့ပေါ်၌ဖြစ်စေ မည်သည့်နေရာ၌မဆိုသာသနာပြုရန်အင်ဒရူးပြင်ဆင်ထားပါသည်။ "ကိုယ်တော်စေရာကျွန်ုပ်သွားပါမည်" "ကိုယ်တော်အမှုတော်ဆောင်ရာ၌ ကောင်းချီးခံစားရပါသည်" ဟု သံန္နိဋ္ဌာန်ချလျက် ပြောပြခဲ့သည်။

ယခုသုံးလပတ်တွင်သင်တို့ထည့်ဝင်သောအလှူငွေသည်အိုမာအူရာအသင်းတော်ကျောင်းမှကျောင်းသူ၊ကျောင်းသားများကို ပါပူဝါနယူးဂီနီ အနှံ့ဘုရားသခင်၏သတင်းကောင်းကိုသယ်ဆောင်သွားမည့် ကိရိယာတန်ဆာပလာအဖြစ် အသုံးပြုနိုင်

ရန်သင်ကြားလေ့ကျင့်ရာတွင် အသုံးပြုမည်ဖြစ်ပါသည်။ အလှူငွေထည့်ဝင်သောသူ တစ်ဦးချင်းစီကိုကျေးဇူးတင်ပါသည်။

-၀-

“လမ်းမထက်ကတရားဟောဆရာ”

မတ်လ(၂၁)ရက်၊ ရေးသားသူ-ပီတာ၊ပါပူဝါနယူးဂီနီ

ဘုရားရှင်၏ပြင်ဆင်ပေးမှုကိုပီတာစဉ်းစားကြည့်ပါသည်။ ပီတာငယ်စဉ်က သူ၏မိဘများသည် မူလတန်းကျောင်းဆရာ၊ဆရာမများအဖြစ်လုပ်ကိုင်စဉ်ခရစ် ယာန်များဖြစ်သောကြောင့် ဘုရားသခင်အကြောင်းပြောပြ၍ မည်သို့ဆုတောင်းရ မည်ကိုသင်ကြားပေးသည်။ ဆယ်ကျော်သက်အရွယ်၌ သူငယ်ချင်းများ၏လွှမ်းမိုးမှု ကြောင့်မိမိဆန္ဒရှိရာအတိုင်းလုပ်ဆောင်၍ဘုရားသခင်နှင့်ဝေးစေခဲ့သည်။

အသက်အရွယ်ပြည့်စုံ၍လူကြီးဖြစ်လာသောအခါတစ်ဦးတည်းနေထိုင်ခဲ့ သည်။ ဘုရားသခင်ကိုမေးခွန်းထုတ်၍အဘယ်ကြောင့်သူ့အားအထီးကျန်စေသနည်း ဟုတွေးလျက်ရှိသည်။ ၇လကြာ အဖြေမရမချင်းထပ်ခါထပ်ခါဆုတောင်းနေမိသည်။ “အဖ၊ကျွန်ုပ်အသက်တာအတွက် ကိုယ်တော်၏အစီအစဉ်ကိုဖော်ပြပါ” ဟုတောင်း လျှောက်ခဲ့သည်။

သောကြာနေ့တစ်နေ့တွင်အစားအစာစားရန်မှိုခိုအားထားမှုပြုမည့်အစား ပီ တာသည်အစာရှောင်၍ဆုတောင်းမှုကိုအားပြု၍လုပ်ဆောင်လျက်ရှိသည်။ဘုရားသ ခင်ကိုရှာ၍အလိုတော်ကိုရှင်းလင်းစွာသိမြင်နိုင်ရန်တောင့်တလျက်ရှိသည်။

ထိုနေ့နေဝင်ချိန်၌လူငယ်၃ဦးလမ်းလျှောက်နေသည်ကိုသူတွေ့မြင်သည်။သူ ၏နှလုံးသား၌တိုးညင်းစွာပြောသံကိုခံစားမိသည်။“သူတို့ဆီချဉ်းကပ်သွားလိုက်ပါ”ဟူ သောစကားကိုနာခံ၍ထိုသူ၃ဦးထံသွားပြီးမိမိကိုယ်ကိုစတင်မိတ်ဆက်လိုက်သည်။

"ကျွန်တော်တို့ကလမ်းပေါ်ကတရားဟောဆရာတွေပါ။ ဆိုလိုတာကသာသနာပြုဆရာတွေပါ" လို့တစ်ယောက်ပြန်ဖြေပါသည်။ ထို၃ဦး၏အမည်များမှာ သောမတ်စ်၊ဂျော့နှင့်ဂျူနီယာဖြစ်သည်။ ထိုသူများသည်ကျွန်းနိုင်ငံ၏မြို့များတွင်ဧဝံဂေလိသတင်းကောင်းပြောကြားရာတွင်ဦးဆောင်ပါဝင်သူ သာသနာပြုများဖြစ်ကြသည်။

ထိုသူများကိုလမ်းမပေါ်၊ ဈေးများ၌ တရားဟောပြောနေသည်ကို ပီတာနေ့စဉ်တွေ့ရသည်။လူအများရှိသောနေရာများ၌တွေ့ရသည်။စနေနေ့ညတွင်ကိုယ်တော်၏အလိုတော်ကိုသိခွင့်ရရန် ပီတာ တဖန်ဆုတောင်းပြန်ပါသည်။ ကျမ်းစာအုပ်ကိုရင်ပတ်ပေါ်တွင်တင်၍ပီတာအိပ်ပျော်စဉ်အိပ်မက်ရူပါရုံ၌ ကောင်းကင်တမန်သည်ပီတာ၏လက်ကိုဆွဲ၍မဿဲအခန်းကြီး ၁၀ကိုဖွင့်စေကြောင်းမြင်မက်ခဲ့သည်။

ပီတာအိပ်ယာမှနိုးလျင်နိုးခြင်းမဿဲ၁၀ကိုဖတ်သောအခါ သခင်ခရစ်တော်၏တပည့်တော်များသည်ကိုယ်တော်နောက်တော်သို့ချက်ချင်းလိုက်သွားသောအဖွဲ့ဖွယ်အကြောင်းအရာများကိုဖတ်ရသည်။ ထိုအခန်းမှ အကြောင်းအရာကို ပီတာထပ်ခါထပ်ခါဖတ်ပါသည်။ တိုးညှင်းသောစကားသံအားဖြင့်"မင်းအတွက်ငါအလိုရှိတဲ့အရာဘဲ" လို့နားထဲတွင်ကြားရပါသည်။

မယုံနိုင်အောင်ဖြစ်၍ပီတာသည်ဒူးထောက်ကာငိုသံဖြင့်"အကျွန်ုပ်သည်အဘယ်သို့သောသူဖြစ်၍ကိုယ်တော်သည်ခေါ်တော်မူရသနည်း" ဟုမေးမိပါသည်။ရှင်းလင်းသောအဖြေအတွက်ဘုရားသခင်ကိုပီတာကျေးဇူးတင်မိသည်။ မဿဲ၁၀တွင်ဖော်ပြသကဲ့သို့ကိုယ်တော်နောက်သို့လိုက်၍တစ်မြို့ဝင်တစ်မြို့ထွက်သွားလာကာကိုယ်တော်၏သတင်းကောင်းကိုဟောကြားသောသာသနာပြုဆရာဖြစ်စေရန်ဘုရားသခင်သူ့အားခေါ်တော်မူသည်ကို ပီတာ နားလည်ခဲ့သည်။

မကြာမီ ပီတာနှစ်ခြင်းခံ၍လမ်းပေါ်မှသာသနာပြုဆရာ၃ဦးကိုကူညီပေးခဲ့ပါသည်။ ထိုဆရာများနှင့်အတူခရီးသွားခြင်း၊ အထုပ်အပိုးများ ကူညီသယ်ဆောင်ခြင်းနှင့်သတင်းစကားများပြောကြားခြင်းများတွင်ပါဝင်ခဲ့သည်။တစ်နှစ်ခန့်ကြာသော်သာ

မန်အသင်းသားတရားဟောဆရာအနေဖြင့်သတ္တမနေ့အသင်းတော်၏အခြေခံယုံကြည်ချက်များကို မည်သို့ဝေငှပြောကြားရမည့်ုလသင်တန်းသို့ပီတာတက်ရောက်ခဲ့ပါသည်။

ပထမဆုံးတာဝန်ကျသောမိုးသစ်တောထဲမှရွာငယ်လေးဆီသို့ရောက်ရန် ၃ ရက်ခရီးလမ်းလျှောက်ရသည်။ မိုးများရွာသွန်းသောချုံပုတ်များထဲတွင်ခိုလှုံ၍အိပ်စက်ခဲ့ရသည်။ ဘီစကစ်သာစား၍ခရီးဆက်ခဲ့ရသည်။ ပါပူဝါနယူးဂီနီ၏ အနောက်တောင်ဘက်သာသနာနယ်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်မိုးများသောမိုးသစ်တောအတွင်းရှိသတ္တမနေ့အသင်းဘုရားကျောင်းငယ်ရှိရာရွာကလေးသို့ရောက်ရှိခဲ့သည်။ သက်လတ်ပိုင်းအရွယ်အသင်းတော်ကိစ္စများကိုဆောင်ရွက်လျက်ရှိသောအမျိုးသမီးတစ်ဦးသည်ဤရွာ၌အသင်းအုပ်မရှိသည်မှာအသင်းတော်စ၍တည်ထောင်ချိန်မှပင်ဖြစ်ကြောင်း အသင်းအုပ်တစ်ဦးရရှိရန် ဆုတောင်းခဲ့သည်မှာကြာခဲ့ပြီ ဖြစ်ကြောင်း ပြောပြခဲ့သည်။သူမသည်ပီတာကိုဘယ်လောက်ကြာကြာကူညီနိုင်မည်နည်းဟုမေးခဲ့ပါသည်။

ပီတာသည်ထိုနေရာတွင်စေတနာ့ဝန်ထမ်းအဖြစ်အသင်းအုပ်လုပ်ဆောင်စဉ်ဘုရားသခင်ထံ သူ့အတွက်နောက်အစီအစဉ် မည်သို့ရှိသနည်းဟု ဆုတောင်း၍မေးလျှောက်ခဲ့ပါသည်။သာသနာပြုခြင်းနှင့်ဆိုင်သောဘာသာရပ်များကိုသင်ယူရန်ကျောင်းတက်ရန်တိုက်တွန်းခြင်းခံရသည်ဟု စိတ်အတွင်း၌ဖြစ်ပေါ်လာခဲ့သည်။

သောကြာနေ့တစ်နေ့၏ညနေပိုင်းပီတာပြန်လာချိန်၌ အိမ်တွင်သူ့အားစောင့်နေကြသောအသင်းသားများနှင့်လက်ထဲတွင်ဖြတ်ပိုင်းစာရွက်ကိုင်ထားသည်ကိုတွေ့ရသည်။အိုမာအူရာသတ္တမနေ့ကျောင်းတွင်ပီတာအတွက်ကျောင်းစရိတ်သွင်းပေးပြီးသောဖြတ်ပိုင်းဖြစ်၍ ပီတာ ထိုကျောင်းတွင်အသင်းတော်ကြီးထွားတိုးတက်ရန်ကူညီပေးရန် မည်သို့လုပ်ဆောင်ရမည်များကို ဘာသာရပ်အားဖြင့်သင်ကြားရသည်။ အ

သင်းသားများ၏ကိုယ်ခန္ဓာ၊စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးပိုင်းဆိုင်ရာများ တိုးတက်ကြီးထွားလာစေရန် ကူညီနိုင်ရန်ပီတာကြိုးစားသင်ယူခဲ့သည်။

လယ်ယာစိုက်ပျိုးခြင်း၊လက်သမားပညာရပ်များကိုအသင်းသားများကိုသင်ကြားပေး၍မိမိကိုယ်ကိုပြုစုပျိုးထောင်သကဲ့သို့၊သူတစ်ပါးအားအကျိုးပြုနိုင်ရန်၊မိဘမဲ့နှင့်မုဆိုးမများအားကူညီနိုင်ရန်သင်ကြားပေးခဲ့သည်။ ဟေဗြဲဘာသာရပ်သည်ပီတာအတွက်ခက်ခဲသော်လည်းဘုရားသခင်၏ကူညီခြင်းဖြင့်အောင်မြင်မှုရရှိမည်ဟုသူယုံကြည်ခဲ့သည်။

"ဘုရားသခင်နှင့်အတူရှိလျှင်အရာရာဖြစ်နိုင်ပါတယ်" ဟု ပီတာ ပြောကြားခဲ့သည်။သူ့အသက်တာအတွက်ဘုရားသခင်၏နောက်အစီအစဉ်သည်အဘယ်အရာဖြစ်မည်ကိုမသိသော်လည်း၊အိုမာအူရာကျောင်းသို့ပို့ဆောင်သောဘုရားသခင်အတွက်ဆက်ကပ်မည်ဟု ဆုံးဖြတ်လျက် "ကိုယ်တော်စေခိုင်းသမျှ ကျွန်တော်လုပ်ဆောင်မည်" ဟု ပီတာ သံန္နိဌာန်ချထားပါသည်။

ယခုသုံးလပတ်အလှူငွေသည်ပါပူဝါနယူးဂီနီဒေသတွင်း၌ဘုရားသခင်၏ကယ်တင်ခြင်းသတင်းကောင်းကိုသယ်ဆောင်ဝေငှသွားမည့်အမျိုးသား၊အမျိုးသမီးများကိုမွေးထုတ်ပေးမည့် အိုမာအူရာ သတ္တမနေ့အသင်းတော်ကျောင်း အတွက်ဖြစ်ပါတယ်။

-၀-

"ခြေတစ်ဖက်နှင့်လူ"

မတ်လ(၂၈)ရက်၊ ရေးသားသူ-ဆမ်၊ပါပူဝါနယူးဂီနီ

သူခိုး၊ပြည့်တန်ဆာ၊ငွေညှစ်သောသူ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနေထိုင်ရာပတ်ဝန်းကျင်တွင် ဆမ် နေထိုင်သည်။ ဆမ် ၏အစောပိုင်းအသက်တာသည်အရက်သေစာသောက်စားမူးယစ်၊ဆေးသုံးဘိန်းရှူ၊လမ်းမထက်အချိန်ဖြုန်းခဲ့သည်။

အသက်၁၅နှစ်အရွယ်တွင် လူဆိုးဂိုဏ်းဝင်ဖြစ်လာ၍ ဓားပြတိုက်၊ ဖောက်ထွင်းခိုးယူကာခိုးယူခဲ့သောပစ္စည်းများကိုရောင်းဝယ်လျက်ရှိသည်။မကောင်းမှုများကိုလုပ်ဆောင်၍ မိသားစုဝင်များနှင့်ကိုယ်တိုင်အတွက်ပြဿနာများသာ ယူဆောင်လာသည်။ ဆမ် ၏ဇနီးသည်နှင့်မိသားစုများက ဆမ် ကိုဘုရားကျောင်းတက်စေချင်ခဲ့သော်လည်းဆမ်စိတ်မဝင်စားခဲ့ချေ။

မေ၁၉၊၁၉၉၅ ခုနှစ်တွင်ပြစ်မှုကျူးလွန်စဉ်ရဲဘက်ကပစ်သောကျည်ဆံထိမှန်၍ညာခြေထောက်ဒဏ်ရာရခဲ့သည်။ခြေထောက်တစ်ဝက်ဆုံးရှုံးလိုက်ရ၍အသက်သေဆုံးခဲ့လျှင် ဆန်ဆင်းရှင်နှင့်တွေ့ဆုံနိုင်မည်မဟုတ်ကြောင်း နားလည်ခဲ့သည်။ အသက်တာပြောင်းလဲရန် ဆမ် ဆုံးဖြတ်ခဲ့ပါသည်။

မကြာမီသူငယ်ချင်းဟောင်းများနှင့် ပြန်လည်သောက်စား၊ မူးယစ်ဆေးဝါးသုံးစွဲလျက်နေစဉ်ပေ့ါဂီတအမျိုးအစားများကိုနားကြပ်တပ်လျက်နားထောင်ခဲ့သည်။ နားထောင်စဉ် ကာရီအန်ဒယ်ဝုတ်၏ "ကိုယ်တော်ပဲ့ကိုင်တော်မူပါ" သီချင်းကို နားထောင်မိစဉ် ဆမ်၏ ရင်ထဲထိခိုက်လာ၍မျက်ရည်များပင်ကျလာသည်။ သီချင်း၏ထပ်ဆိုအပိုဒ်၏စာသားများသည် ဆမ်၏ နားထဲ၌ပဲ့တင်ထပ်ကာထပ်ကာကြားနေ၍သူ၏အဖွဲ့ထဲမှထွက်ခွာလာခဲ့တော့သည်။

သောကြာနေ့ရောက်လာသောအခါ"မနက်ဖြန်ဘုရားကျောင်းသွားရမည်"ဟူသောအသံကိုနားထဲ၌ကြားရပြန်သည်။ ဥပုသ်နေ့နံနက်၌အိပ်ယာထ၍သာမန်အဝတ်အစားနှင့်ထွက်သွားသောအခါ ဆမ် ဘယ်သို့သွားမှန်းဇနီးသည်မသိခဲ့ပါ။ ပြီးနောက်အဝတ်အစားများပြန်လည်းကာဘုရားကျောင်းတက်ရန်ထွက်လာခဲ့သောနေ့သည်နိုဝင်ဘာလ ၂၅ ရက်၊၂၀၁၃ ခုနှစ်ဖြစ်သည်။

ဆမ်၏အသက်တာပြောင်းလဲ၍သခင်ယေရှုကိုလက်ခံကာဘုရားကျောင်းသို့သွားသောကြောင့်ဇနီးသည်မှာအလွန်ပျော်ရွှင်ခဲ့ရသည်။ဆမ်သည်ဧပြီလ၁၉ရက်၊၂၀၁၄ ခုနှစ်တွင်နှစ်ခြင်းခံယူခြင်းဖြင့် သတ္တမနေ့အသင်းသားတစ်ဦး ဖြစ်လာခဲ့သည်။

၂၀၂၄ ခုနှစ်၌ ဆမ်သည်သာသနာပြုဆရာတစ်ဦးဖြစ်လာ၍အသင်းတော်၇ပါးတည် ထောင်ရန်ဦးတည်ချက်ရှိသည့်အတိုင်း ထိုအထဲတွင်အသစ်ဖွဲ့စည်းတည်ထောင်ထား သောပိုပွန်ဒယ်တာအသင်းတော်အသစ်၏အသင်းအုပ်ဆရာဖြစ်လာခဲ့သည်။၂၀၂၅ခု နှစ်တွင်အီစတာအိုင်းလန်း၌ရှိသောအိုမာအူရာသတ္တမနေ့အသင်းတော်ကျောင်း၌သာ သနာပြုသင်တန်းကိုတက်ရောက်၍ အနာဂတ်၏သာသနာပြုဆရာဖြစ်ရန် ပြင်ဆင် လျက်ရှိပါသည်။

လွတ်လပ်သောအသက်တာနှင့်အသက်ရှင်ရသည်မှာပျော်ရွှင်စရာကောင်း ကြောင်းဆမ်ပြောပြသည်။ သူ၏သူငယ်ချင်းအများစုသည်သေဆုံးကုန်၍အချို့သည် ထောင်နှစ်ရှည်ကျလျက်ရှိသည်။သတင်းကောင်းမှာဆမ်၏သက်သေခံမှုကြောင့်အ များစုသည်သခင်ယေရှုကိုကယ်တင်ရှင်အဖြစ်လက်ခံ၍အသက်တာပြောင်းလဲကာ လမ်းဟောင်းကိုစွန့်လျက်သတ္တမနေ့အသင်းတော်နှင့်ဆက်သွယ်ခဲ့ကြသည်။

ဆမ် သည်လူရိုသေခြင်းခံရသောခရစ်ယာန်တစ်ဦးဖြစ်သည်။ လူမိုက်အဖွဲ့ ဝင်များပင်သူ၏စကားကိုနားထောင်ခဲ့ကြသည်။ ခရစ်ယာန်ဖြစ်လာသောလူမိုက်များ သာမက၊ ခရစ်ယာန်မဖြစ်သေးသော ခရစ်ယာန်များအပေါ်၌ပင် ဩဇာလွှမ်းမိုးမှုရှိသူ ဆမ်သည် ပိုပွန်အယ်တာရှိ တရားဟောအစည်းအဝေးပွဲ၌ လုံခြုံရေးအရာရှိလုပ် ဆောင်ရမှုသည်သူ့အတွက် သင့်တော်သောအလုပ်ဖြစ်ခဲ့သည်။

တရားပွဲရှိလူအုပ်ကြီးနောက်မှ သေနတ်သံတစ်ချက်ကြားလိုက်ရသည်။ ထိ ခိုက်မှုမရှိသော်လည်း ထိုအဖြစ်အပျက်မှ ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံစေရန်ဖြစ်လာသည်။လူမိုက်တစ်ဦးမှသူ၏သူငယ်ချင်းအား "မင်း၊ ဘာလုပ် လည်းတော့ငါမသိပေးမယ့် ငါကတော့ သခင်ယေရှုကိုလက်ခံမှာဘဲ" လို့ ပြောပြီးချိန် တွင်"ငါတို့လည်းမင်းနဲ့လိုက်ခဲ့မယ်" လို့ပြောသံကြားရပါသည်။

တရားပွဲနောက်ဆုံးရက်တွင်ဩစတြေးလျရမ်း တရားဟောဆရာပါစတာဒွန် ဖြစ်သူ၊ကျွန်းနိုင်ငံများတွင်လှည့်လည်၍သာသနာပြုသူ၊ဆရာကြီးတရားဟောသော

ထိုညတွင်ရှန်းနီဆိုသောသူနှင့်တွေ့ခဲ့သည်။ ရှန်းနီကတရားပွဲကျင်းပစဉ်နှစ်ခြင်းခံယူခဲ့သည်။ ရှန်းနီက ဆရာကြီးအား သူ့အသက်တာမည်မျှဆိုးကြောင်းပြောပြ၍ ဆမ် ကို လက် ညှိုးထိုးပြကာ "ကျွန်တော်သူနဲ့အတူရှိခဲ့တယ်" လို့ပြောပြပါတယ်။ ဆမ် ၏အကြောင်းကိုကြားဘူးသော ဆရာကြီးသည် ရှန်းနီ၏ ဆိုလိုရင်းကို သဘောပေါက်ခဲ့ပါသည်။

ယခုတွင်ဆမ်နှင့်ရှန်းနီတို့သည်အလုပ်အတူတွဲလုပ်သောအဖွဲ့ဖြစ်လျက်သန့်ရှင်းသောဝိညာဉ်တော်၏ပို့ဆောင်မှုအောက်၌ဝိညာဉ်များစွာရိတ်သိမ်းလျက်ရှိသည်။ "အတိတ်ကိုပြန်လှည့်ကြည့်မိရင်သတ္တမနေ့အသင်းသားမိသားစုဝင်များကြောင့်ကျွန်တော်ဝမ်းမြောက်ရပါသည်။ ဒီမိသားစုဝင်များသည်သမ္မာကျမ်းစာနှုတ်ကပတ်တော်အားဖြင့်အသက်တာပြောင်းလဲခဲ့ကြသူများဖြစ်၍ လူဆိုးဂိုဏ်းထဲတွင်ရှိစဉ်အချိန်ကထက်ယခုကျွန်တော် သူတို့ကိုလေးစားမိပါတယ်" လို့ ဖွင့်ဟခဲ့ပါသည်။

"အရာရာထက်ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။အကောင်းဆုံးအသက်ရှင်နေထိုင်နည်းကို သင်ကြားပေးခဲ့တဲ့အတွက် ဖြစ်ပါတယ်" လို့ ထပ်လောင်းပြောခဲ့ပါသည်။

ဆမ်ကိုသာဘုရားသခင်ပြောင်းလဲ၍သူ၏အသက်တာကိုဘုန်းတော်ထင်ရှားစေရန်ကူညီခဲ့ခြင်းသာမကဆမ်အားဖြင့်သူတပါးအသက်တာကိုပါပြောင်းလဲ၍အသက်ရှင်နိုင်ရန်သူ၏အသက်တာကိုဘုရားသခင်အသုံးပြုခဲ့သည်။

ဆမ်သည်လူပေါင်း၉၅ယောက်ကိုဘုရားသခင်ခြေတော်ရင်းသို့ပို့ဆောင်ကာသခင်ယေရှုကို ကယ်တင်ရှင်အဖြစ်လက်ခံနိုင်ရန် သူတို့၏အသက်တာများကို ပြင်ဆင်ပေးခဲ့သည်။ "ကျွန်တော့်ရဲ့အကြောင်းကတော့ဘုရားသခင်ရဲ့ကောင်းချီးပေးမှုနဲ့အားပေးမှုကြောင့်လမ်းမှန်ရောက်ခဲ့ပါတယ်။ ကျွန်တော့်လိုဆိုးတဲ့လူတွေလည်း သင်တို့ကိုဘုရားသခင်ဂရုစိုက်တော်မူကြောင်းသတိရပါ" လို့ အားပေးချင်ပါတယ်။

-၀-